# ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ။ *

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၈၊]
(၁၉၆၀ ပြည့်နှစ်၊ မေလ ၄ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ မြို့ပြဒေသအားလုံးနှင့် သက်ဆိုင်စေရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "ရန်ကုန်မြို့တော်" ဆိုသည်မှာ၊ အခါအားလျော်စွာပြင်ထားသည့် ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေဇယား ၆ တွင် ဖော်ပြထားသော ရန်ကုန်မြို့တော်ကိုဆိုလိုသည်။

(ခ) "ကြီးကြပ်ရေးဝန်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ခန့်ထားသည့် ငှားရမ်းခ ကြီးကြပ်ရေးဝန်ကိုဆိုလိုသည်။

(ဂ) "အိမ်ရှင်" ဆိုသည်မှာ၊ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ သူတစ်ပါး၏ ကိုယ်စားဖြစ်စေ၊ သူတစ်ပါး၏အကျိုးအတွက်ဖြစ်စေ၊ သူတစ်ပါး၏ ယုံမှတ် အပ်နှံခံရသူ၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၊ သို့တည်း မဟုတ် ပစ္စည်းထိန်း အနေနှင့်ဖြစ်စေ၊ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ အခါ အားလျော်စွာ ငှားရမ်း ခကို ရထိုက်ခွင့်ရှိသော၊ သို့တည်းမဟုတ် ဥပစာကို အိမ်ငှားအားအငှားချ ထားလျှင်၊ ငှားရမ်းခကို ထိုသို့ရရှိမည်ဖြစ်သော၊ သို့တည်းမဟုတ် ရထိုက်ခွင့် ရှိသောသူကို ဆိုလိုသည်။ ထိုစကားရပ်တွင်၊ တရားမကျင့်ထုံးဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စား လှယ်လည်းကောင်း၊ ဥပစာ တစ်ခုခုကို ထပ်ဆင့်အငှားချထားသော

* မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ မေလ (၂၀) ရက်၊ စာမျက်နှာ - ၆၄၁။

အိမ်ငှားလည်းကောင်း။ အခါ အားလျော်စွာ အိမ်ရှင်ထံမှ တစ်ဆင့်ဆိုင်ရာ ဆိုင်ခွင့်ရရှိသူအသီးသီး လည်းကောင်း ပါဝင်သည်။

(ဃ) "ဥပစာ" ဆိုသည်မှာ —

(၁) အဆောက်အအုံ ဆောက်လုပ်ထားသည့်မြေကိုလည်းကောင်း၊ မည်သည့်ကိစ္စအတွက်မဆို သီးခြားအငှားချထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့်၊ သို့တည်းမဟုတ် အငှားချထားရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း။ ရည်ရွယ်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ်အဆောက်အအုံ အစိတ်အပိုင်း တစ်ခုခုကိုလည်းကောင်း ဆိုလိုသည်။ ထိုစကားရပ်တွင်၊ ဈေး၊ သို့တည်းမဟုတ် အခြားအဆောက်အအုံတစ်ခုခုအတွင်း ကုန်စည်ပစ္စည်းများ လက်လီရောင်းချရန် အငှားချထားသည့်ဈေးဆိုင်၊ ထို့ပြင် ထိုအဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းနှင့်အတူ အငှားချထားသည့်မြေ၊ အိမ်ထောင်ပရိဘောဂ၊ သို့တည်းမဟုတ် တပ်ဆင်ထားသည့် ပစ္စည်းများလည်း ပါဝင်သည်။

(၂) မည်သည့်ကိစ္စအတွက်မဆို သီးခြားအငှားချထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့်၊ သို့တည်းမဟုတ် အငှားချထားရန်သော်လည်းကောင်း။ နေထိုင်ရန်သော်လည်းကောင်း။ ရည်ရွယ်သည့်မြေကိုဆိုလိုသည်။

(င) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

(စ) ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ "စံငှားရမ်းခ" ဆိုသည်မှာ၊ အောက်ဖော်ပြပါ ငှားရမ်းခများကို ဆိုလိုသည် —

(၁) ပုဒ်မ ၂၇ ၌ သီးခြားဖော်ပြထားသည့်ကိစ္စများတွင်၊ ရန်ကုန်မြို့တော်အတွက် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်၏ အမိန့်နှင့်မဆန့်ကျင်စေဘဲဖြစ်စေ၊ အခြားမြို့ပြဒေသအတွက် ပုဒ်မ ၃၂ အရ သတ်မှတ်သည့် တရားသူကြီး၏ အမိန့်နှင့်မဆန့်ကျင်စေဘဲဖြစ်စေ၊ ကြီးကြပ်ရေးဝန်က သတ်မှတ်သော ငှားရမ်းခ၊

(၂) အခြားကိစ္စအားလုံးတွင် —

(က-က) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားသော ငှားရမ်းခ၊

(ခ-ခ) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားခြင်းမရှိလျှင်၊ ထိုရက်နေ့မတိုင်မီက၊ ထိုဥပစာကို အငှားချထားသော

ငှားရမ်းခ၊

(ဂ-ဂ) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နောက်နှင့် ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီ ပထမအကြိမ် အငှားချထားလျှင်၊ ယင်းသို့ပထမအကြိမ် အငှားချထားသောငှားရမ်းခ၊

(ဃ-ဃ) ငှားရမ်းခကို ကာလအပိုင်းအခြားအလိုက် တိုးမြှင့်ရန် စည်းကမ်းချက်ပါရှိသော အငှားစာချုပ်ဖြင့် ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၌ အငှားချထားလျှင် —

(၁) အငှားစာချုပ်အတည်ဖြစ်နေစဉ်အတွင်း၊ ဆိုခဲ့သည့်စည်းကမ်းချက်အတိုင်း အခါအားလျော်စွာ ထိုသို့ တိုးမြှင့်ထားသည့် ငှားရမ်းခ၊ သို့မြင်

(၂) အငှားစာချုပ် အချိန်စေ့ကုန်သွားပြီးနောက်တွင်၊ အငှားစာချုပ်၏ နောက်ဆုံးကာလ အပိုင်းအခြားအတွင်း ပေးရမည့်ငှားရမ်းခ။

(င-င) ဥပစာကို၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က၊ သို့တည်းမဟုတ် ထိုရက်နေ့မတိုင်မီက အစပြုသည့် ငါးနှစ်၊ သို့တည်းမဟုတ် ငါးနှစ်အထက်ကာလအပိုင်းအခြားအတွက် အငှားစာချုပ်ဖြင့် အငှားချထားသည့်ကိစ္စတွင် ထိုစာချုပ်သည်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နောက်တွင် အချိန်စေ့ကုန်ပြီးဖြစ်ခဲ့လျှင်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ပါဝင်သည့် ကာလအပိုင်းအခြားအတွက်၊ ထိုအငှားစာချုပ်ဖြင့် သတ်မှတ်ထားသည့်ငှားရမ်းခ။

သို့ရာတွင် နိုင်ငံတော်သမ္မတသည်၊ အပိုဒ်ခွဲ (က-က)၊ (ခ-ခ)၊ (ဂ-ဂ)၊ (ဃ-ဃ) (၂) နှင့် (င-င) တွင် အဓိပ္ပာယ်ဖော်ပြထားသည့် စံငှားရမ်းခကို၊ ရှိဆဲ စီးပွားရေးအခြေအနေများအရ တိုးမြှင့်ထိုက်သည်ဟု သဘောရရှိလျှင်၊ စံငှားရမ်းခကို ၂၅ ရာခိုင်နှုန်းထက်မပိုစေဘဲ တိုးမြှင့်ရမည်ဟု၊ ယေဘုယျအားဖြင့်သော်လည်းကောင်း၊ မြို့ပြဒေသတစ်ခုခုအတွက်သော်လည်းကောင်း၊ ဥပစာအမျိုးအစားအတွက်သော်လည်းကောင်း၊ သတ်မှတ်နိုင်သည်။

(ဆ) "အိမ်ငှား" ဆိုသည်မှာ၊ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူတစ်ဦးတစ်ယောက်ကိုဆိုလိုသည်။ ထိုစကားရပ်တွင်၊ တရားမကျင့်ထုံးဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ်လည်းကောင်း၊ အခါအားလျော်စွာ အိမ်ငှားထံမှ

တစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူ အသီးသီးလည်းကောင်း၊ အငှားချထားမှု၊ သို့တည်းမဟုတ် အငှားစာချုပ်ကုန်ဆုံးပြီးနောက်၊ မိမိအားငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ဘဲဖြစ်စေ၊ လက်ရှိနေထိုင်မြဲနေထိုင်သူ အသီးသီးလည်းကောင်း၊ ပါဝင်သည်၊

(စ) "မြို့ပြဒေသ" ဆိုသည့်စကားရပ်တွင်၊ ရန်ကုန်မြို့တော်လည်းကောင်း၊ မြူနီစီပါယ်အက်ဥပဒေအခန်း ၂ အရ မြူနီစီပါယ်နယ်ဟု ကြေညာထားသည့်ဒေသလည်းကောင်း၊ အဆိုပါအက်ဥပဒေပုဒ်မ ၂၄၆ အရ ကြေညာပြီးနယ်မြေဟူ၍ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့်ဒေသလည်းကောင်း၊ တပ်မြေအက်ဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် တပ်မြေလည်းကောင်း၊ မြို့များအက်ဥပဒေအရ မြို့ဟူ၍ကြေညာထားသော ဒေသလည်းကောင်း၊ ဤအက်ဥပဒေပါ ကိစ္စအလို့ငှာ မြို့ပြဒေသဟူ၍ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် အခြားဒေသလည်းကောင်း၊ ပါဝင်သည်။

၃။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသောဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားကို ဤအက်ဥပဒေ တစ်ရပ်လုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေ၊ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့်ပြင်၊ နောင်အခါတွင်လည်း၊ ထိုအမိန့်ကြော်ငြာစာကို ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်။

(၂) ဥပစာတစ်ခုခုသည်၊ မြို့ပြဒေသတွင် ပါဝင် မပါဝင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမှ ပုဒ်မခွဲ (၁)အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားတစ်ခုခုတွင်ပါဝင်မဝင်ဟူသော ပြဿနာပေါ်ပေါက်လျှင်၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်သည်၊ အပြီးသတ်အတည်ဖြစ်စေရမည်။

(၃) အိမ်ငှားများအတွက် နေရာထိုင်ခင်းနှင့်တကွ အစားအသောက်ကိုပါ စီမံထားရှိသော ဥပစာတစ်ခုခုကို နိုင်ငံတော်သမ္မတကအမိန့်ကြော်ငြာစာဖြင့်၊ ခရီးသည်များတည်းခိုရန်အတွက် အဓိကရည်ရွယ်ထားသည့်ဥပစာအဖြစ် ထုတ်ပြန်ကြေညာထားလျှင်၊ ထိုဥပစာမှာ၊ ဤအက်ဥပဒေပုဒ်မ ၉၊ ၁၂၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ ပါမည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။ ဤအက်ဥပဒေအာဏာတည်သည့် မြို့ပြဒေသအတွက်၊ ကြီးကြပ်ရေးဝန်နှင့် လက်ထောက်ကြီးကြပ်ရေးဝန်တစ်ဦး၊ သို့တည်းမဟုတ် အများကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာ

စာ ထုတ်ပြန်၍ ခန့်ထားနိုင်သည့်ပြင်၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် လက်ထောက်ကြီးကြပ်ရေးဝန် တစ်ဦးဦးအားလည်း၊ ကြီးကြပ်ရေးဝန်၏ အာဏာအားလုံးကိုဖြစ်စေ၊ အာဏာတစ်ခုခုကိုဖြစ်စေ၊ အပ်နှင်းနိုင်သည်။

၅။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဥပစာတစ်ခုခုနှင့် စပ်လျဉ်း၍၊ ငှားရမ်းခကို စံငှားရမ်းခထက်ပို၍ တိုးမြှင့်ထားလျှင်၊ သို့တည်းမဟုတ် ဤမှနောက်တွင် တိုးမြှင့်လျှင်၊ ယင်းသို့တိုးမြှင့်ထားသည့် ငှားရမ်းခက စံငှားရမ်းခထက်ပိုသမျှသော ငွေပေါင်းကို၊ ပေးဆောင်ရန် ချုပ်ဆိုထားသည့် သဘောတူစာချုပ် မည်သို့ပင်ရှိစေကာမူ၊ အရတောင်းခံနိုင်ခွင့်မရှိစေရ။

သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အောက်ပါငှားရမ်းခတစ်ခုခုနှင့် မသက်ဆိုင်စေရ —

(က) ဤအက်ဥပဒေ စတင်အာဏာမတည်မီက ပေးရန်ရှိသည့် ငှားရမ်းခ၊

(ခ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ရသင့်သည့် ကာလအပိုင်းအခြားအလိုက် တိုးမြှင့်ငှားရမ်းခ၊ သို့တည်းမဟုတ်

(ဂ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ ချုပ်ဆိုထား၍၊ ထိုနေ့ရက်တွင် သက်တမ်းမစေ့ကုန်သေးသော အငှားစာချုပ်အရပေးရမည့် ငှားရမ်းခ။

(၂) ပုဒ်မခွဲ (၁) ပါ ကိစ္စအလို့ငှာ၊ ငှားရမ်းခများ တစ်ရက်ပြီးတစ်ရက် ပေးရမည့် ငှားရမ်းခဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍၊ အိမ်ရှင်သည် ဥပစာကို ပြုပြင်ထားရှိရာ၌ ဆောက်လုပ်ရန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်သည့်အတွက် အသုံးစရိတ်ပိုမိုကုန်ကျလျှင်သော်လည်းကောင်း၊ တိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြောင်းလဲဆောက်လုပ်ခြင်းအတွက် အသုံးစရိတ် (မွမ်းမံတန်ဆာဆင်ခြင်း၊ သို့တည်းမဟုတ် ပြုပြင်ခြင်းအတွက် အသုံးစရိတ်မပါ) ကုန်ကျလျှင်သော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်ထံ စံငှားရမ်းခပြင်ပေးရန် လျှောက်ထားနိုင်သည်။

၇။ ။ (၁) အငှားချထားသည့် စည်းကမ်းချက်များပြောင်းလဲခြင်းကြောင့် ဥပစာတစ်ခုခု လက်ရှိထားသည့်အတွက် လိုက်နာရသည့် စည်းကမ်းချက်များ၊ အိမ်ငှား၏ အခွင့်အရေးများမှာ ယေဘုယျအားဖြင့် ယခင်စည်းကမ်းချက်များအရပေးသော အခွင့်အရေးများအောက်ယုတ်လျော့နည်းပါးလျှင်၊ ငှားရမ်းခအဖြစ် ပေးရမည့်ငွေကို တိုးမြှင့်သည်ဖြစ်စေ၊ မတိုးမြှင့်သည်ဖြစ်စေ၊ ဤအက်ဥပဒေအဓိပ္ပာယ်

အရ ငှားရမ်းခကို တိုးမြှင့်သည်ဟု မှတ်ယူရမည်။

(၂) အငှားချထားသည့် စည်းကမ်းချက်များပြောင်းလဲခြင်းကြောင့် ဥပစာတစ်ခုခု လက်ရှိထားသည့်အတွက် လိုက်နာရသည့် စည်းကမ်းချက်များအရ အိမ်ငှား၏အခွင့်အရေးများမှာ ယေဘုယျအားဖြင့် ယခင်စည်းကမ်းချက်များအရ ပေးသောအခွင့်အရေးများအောက် ယုတ်လျော့နည်းပါးခြင်းမရှိလျှင်၊ ငှားရမ်းခအဖြစ်ပေးရမည့်ငွေကို တိုးမြှင့်သည်ဖြစ်စေ၊ မတိုးမြှင့်သည်ဖြစ်စေ၊ ဤအက်ဥပဒေ အဓိပ္ပာယ်အရ၊ ငှားရမ်းခကို တိုးမြှင့်သည်ဟု မမှတ်ယူရ။

၈။ ။ အိမ်ရှင်သည်၊ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ မြူနီစီပါယ်ခွန်၊ ခိုင်ကြေး သို့တည်းမဟုတ် အခြားအခွန်များကို ပေးဆောင်လျှင်၊ ထိုမြူနီစီပါယ်ခွန်၊ ခိုင်ကြေး၊ သို့တည်းမဟုတ် အခြားအခွန်များအတွက် အခါအားလျော်စွာ မိမိပေးဆောင်ရသောငွေက၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ အပါအဝင်ဖြစ်သည့် အခွန်စည်းကြပ်ရာကာလ အပိုင်းအခြားအတွင်း ပေးဆောင်ခဲ့သောငွေထက် ပိုမိုသည်နှင့်အမျှ စံငှားရမ်းခကို တိုးမြှင့်ပေးရန်၊ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားနိုင်သည်။

၉။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပစာ တစ်ခုခုအတွက် ငှားရမ်းခကို တိုးမြှင့်ခွင့်ပြုနိုင်သည့် တိုင်တိုင်းတွင်၊ အိမ်ရှင်မှာ ငှားရမ်းခ တိုးမြှင့်ရန် ကြံရွယ်ကြောင်းနို့တစ်စာကို ကြီးကြပ်ရေးဝန်ထံမှ စံငှားရမ်းခသတ်မှတ်သည့် သက်သေခံလက်မှတ်နှင့်တကွ၊ အိမ်ငှားအပေါ် ချအပ်ပြီးနောက်၊ တစ်လမကုန်မီ ထိုသို့တိုးမြှင့်ထားသည့် ငှားရမ်းခကို အရတောင်းခံနိုင်ခွင့်မရှိစေရ။

(၂) အဆိုပါနို့တစ်စာကို အိမ်ငှားတစ်ဦးအပေါ် ချအပ်ပြီးဖြစ်လျှင်၊ နောက်အိမ်ငှား တစ်ဦးအပေါ် နို့တစ်စာအသစ်တစ်ဖန်မချအပ်ဘဲ၊ တိုးမြှင့်ထားသည့် ငှားရမ်းခကို ဆက်လက်တောင်းခံနိုင်သည်။

၁၀။ ။ မည်သူမျှ ဥပစာတစ်ခုခုအငှားချထားခြင်း၊ သို့တည်းမဟုတ် အသစ်ပြန်၍ အငှားချထားခြင်း၊ သို့တည်းမဟုတ် ဆက်လက်အငှားချထားခြင်းကြောင့်၊ ငှားရမ်းခအပြင်၊ နောက်ထပ် ဒဏ်ငွေ၊ စဘော်ငွေ၊ သို့တည်းမဟုတ် အခြားငွေပေးဆောင်ရန်၊ မတောင်းဆိုရ၊ သို့တည်းမဟုတ် တစ်လအတွက် ငှားရမ်းခထက်ပိုသော စရံငွေကို မတောင်းဆိုရ။

သို့ရာတွင် ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်မျှ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ မတိုင်မီ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ၊ ငွေပေးခြင်းနှင့် မသက်ဆိုင်စေရ။

၁၁။ ။ (၁) အခြားတရားဥပဒေ တစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ၊ ကြီးကြပ်ရေးဝန်သည်၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် အဆောက်အအုံတွင် လက်ရှိနေထိုင်သော၊ ပုဒ်မ ၁၃ (၁) ပါ

ပြဋ္ဌာန်းချက်များအရ နေထိုင်ခွင့်ရသူ အပါအဝင် အိမ်ငှားသည် လျှောက်ထားချက်အရ ထိုအဆောက်အအုံ ပိုင် အိမ်ရှင် အပေါ် နို့တစ်စာချအပ်စေ၍၊ အဆိုပါအဆောက်အအုံကို လူနေထိုင်နိုင်သည့် အခြေအနေ တွင်ထားရှိရန် လိုအပ်သည်ဟု မိမိထင်မြင်သဘောရရှိသော ပြုပြင်မှုတစ်ရပ်ရပ်၊ သို့တည်းမဟုတ် အရပ်ရပ် ပြုလုပ်စေရန်သော်လည်းကောင်း၊ ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားပေးသွင်းမှုမှစ၍၊ ရေပြွန်နှင့်မိလ္လာပြွန်များ ပြုပြင်ထားရှိမှုအတွက် လိုအပ်သော စီမံချက်များပြုလုပ်ပါက၊ ထိုသို့သော ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားကို ရနိုင်၍ ရေပြွန်နှင့်မိလ္လာပြွန်များကို အသုံးပြုနိုင်မည်ဟု မိမိကျေနပ်လျှင်၊ ထိုစီမံချက်များကို ပြုလုပ်စေရန်သော်လည်းကောင်း ဆင့်ဆိုရမည်။ သို့ရာတွင် အဆိုပါ ရေ၊ သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အားပေးသွင်းမှုကိုသော်လည်းကောင်း၊ အဆိုပါ ရေပြွန်နှင့်မိလ္လာပြွန် ကိုသော်လည်းကောင်း။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီက စီမံထားရှိခဲ့ပြီးဖြစ်စေရမည်၊

<u>ရှင်းလင်းချက်</u>။ ။ ဤပုဒ်မခွဲပါကိစ္စအလို့ငှာ "ပြုပြင်မှု" ဆိုသည်မှာ၊ အဆောက်အအုံများကို ကောင်းမွန်စွာ အိမ်ငှားနေထိုင်နိုင်သည့် အခြေအနေ၌ ထားရှိရန် လိုအပ်သော ပြုပြင်မှုကိုဆိုလိုသည်။ ထို့ပြင် အတည့်အလင်းချုပ်ဆိုထားသော သဘောတူစာချုပ်အရ ပြုပြင်မှုတစ်ခုခုအတွက် အိမ်ငှားက တာဝန်ခံလျှင်၊ ထိုပြုပြင်မှုအတွက် အိမ်ရှင်၌ တာဝန်ရှိသည်ဟု မမှတ်ယူရ။

(၂) ဤပုဒ်မခွဲသည်၊ ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မတိုင်မီကဖြစ်စေ၊ ထို့နေ့ နောက်ဖြစ်စေ၊ ပြုလုပ်သောအငှားချထားမှုများနှင့် သက်ဆိုင်စေရမည်။

(၃) အဆိုပါ နို့တစ်စာကို ရရှိပြီးနောက်၊ အိမ်ရှင်က ထိုပြုပြင်မှုများကို သင့်လျော်သည့် အချိန် အတွင်း ပြုလုပ်စေရန်သော်လည်းကောင်း၊ ထိုစီမံချက်များကို သင့်လျော်သောအချိန်အတွင်း ပြုလုပ်ရန် သော်လည်းကောင်း ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ပေါ့လျော့လျှင်၊ အိမ်ငှားသည် ထိုပြုပြင်မှုများအတွက်၊ သို့တည်းမဟုတ် ထိုစီမံချက်များအတွက် ကုန်ကျစရိတ်ခန့်မှန်းခြေကို ကြီးကြပ် ရေးဝန်ထံတင်သွင်း၍၊ ထိုပြုပြင်မှုများကို၊ သို့တည်းမဟုတ် ထိုစီမံချက်များကို၊ မိမိကိုယ်တိုင်ပြုလုပ်ရန် ခွင့်ပြုပါမည့်အကြောင်းဖြင့် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားသည့်အခါ ကြီးကြပ်ရေးဝန်သည်၊ ထိုကုန်ကျစရိတ်ခန့်မှန်း ခြေကို စဉ်းစားဆင်ခြင်၍ လိုအပ်သည်ဟု မိမိယူဆသော စုံစမ်းစစ်ဆေး မှုများကို ပြုလုပ်ပြီးနောက်၊ အမိန့်စာချမှတ်၍ အိမ်ငှားအား အဆိုပါပြုပြင်မှုများကို၊ သို့တည်းမဟုတ် စီမံချက်များကို ထိုအမိန့်စာတွင် သတ်မှတ်ထားသည့် ငွေထက်ပို၍ မကုန်ကျစေဘဲ ပြုလုပ်ရန် ခွင့်ပြု နိုင်သည်။ ထိုသို့ခွင့်ပြုပြီးသည့်နောက်၊ အိမ်ငှားကိုယ်တိုင် ထိုပြုပြင်မှုများကို သို့တည်းမဟုတ် ထိုစီမံချက် များကို ပြုလုပ်နိုင်သည့်ပြင်၊ ၎င်းအတွက် ကုန်ကျစရိတ်ကိုလည်း၊ အမိန့်စာတွင် သတ်မှတ်ထားသည့် ငွေထက် မည်သို့မျှ မပိုစေဘဲ၊ ငှားရမ်းခထဲမှ နုတ်ယူနိုင်သည်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် အိမ်ရှင် ထံမှ အရတောင်းခံနိုင်သည်၊

၁၂။ ။ (၁) ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေတွင်သော်လည်းကောင်း၊ ပဋိညာဉ်အက်ဥပဒေတွင်သော်လည်းကောင်း၊ ရန်ကုန်မြို့တော်တရားမရုံးအက်ဥပဒေတွင်သော်လည်းကောင်း၊ မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေနှင့်သက်ဆိုင်သော ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့် သို့တည်းမဟုတ် ဒီကရီကိုမျှ အောက်ပါကိစ္စများတွင်မှတစ်ပါး ချမှတ်ခြင်းမပြုရ —

(က) ဂျပန်နှင့်ဖြစ်ပွားသော စစ်မက်အပြီး၊ မြို့ဘက်ဆိုင်ရာအစိုးရ တစ်ဖန် ပြန်လည်အုပ်ချုပ်သည့်နောက် အိမ်ငှားထံမှ တရားဥပဒေနှင့်အညီရထိုက်သော ငှားရမ်းခအတွက် တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍၊ အိမ်ငှားထံသို့ ပေးပို့ပြီးသည့်နောက် ထိုသို့တောင်းဆိုသည့်နေ့ရက်မှစ၍ ရက်သတ္တပတ် ၃ ပတ်အတွင်း ထို ငှားရမ်းခကို အိမ်ရှင်အားမပေးဘဲ၊ သို့တည်းမဟုတ် ကြီးကြပ်ရေးဝန်ထံ ပုဒ်မ ၁၆ အရ မပေးသွင်းဘဲ နေသည့်ကိုး၊ သို့တည်းမဟုတ် အငှားချထားမှုနှင့် စပ်လျဉ်း၍၊ အိမ်ငှားချထားမှုပဋိညာဉ်အရ ဖြစ်စေ၊ ဤအက်ဥပဒေအရဖြစ်စေ တင်ရှိသည့်အခြားတာဝန်တစ်ခုခုကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သရွေ့ ဖောက်ဖျက်သည့်၊ သို့တည်းမဟုတ် မဆောင်ရွက်ဘဲနေသည့် ကိစ္စ၊ သို့တည်းမဟုတ်

(ခ) ဂျပန်နှင့်ဖြစ်ပွားသော စစ်မက်အပြီး မြို့ဘက်ဆိုင်ရာအစိုးရ တစ်ဖန် ပြန်လည်အုပ်ချုပ်သည့် နေ့ရက်မတိုင်မီ ကာလအပိုင်းအခြားတစ်ခုခုနှင့်စပ်လျဉ်း၍၊ အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခအတွက် တရားမရုံးက၊ အိမ်ရှင်အား အနိုင်ပေး၍ အိမ်ငှားအပေါ် အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ထားသည့်ငွေကို မပေးဘဲနေသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) အိမ်ငှားက၊ သို့တည်းမဟုတ် အိမ်ငှားနှင့်အတူလက်ရှိထားသည့်၊ သို့တည်းမဟုတ် နေထိုင်သည့် အခြားသူတစ်ဦးတစ်ယောက်က၊ အိမ်ခန်းချင်းဆက်စပ်လျက်ရှိသော၊ သို့တည်းမဟုတ် အနီးအနားရှိသော နေထိုင်သူများအား၊ စိတ်ပြင်ပြင်စေသည့်၊ သို့တည်းမဟုတ် အနှောင့်အယှက်ဖြစ်စေသည့် ပြုကျင့်မှုကို ကျူးလွန်သည့်ကိစ္စ၊ သို့တည်းမဟုတ် ဥပစာကို ညစ်ညမ်းယုတ်မာသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှာ အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုစေသည့် ပြစ်မှုထင်ရှားစီရင်ခံရသည့်ကိစ္စ၊ သို့တည်းမဟုတ် အိမ်ငှား၏၊ သို့တည်းမဟုတ် ဆိုခဲ့သည့် သူတစ်ဦးတစ်ယောက်၏ ပြုန်းတီးမှု၊ သို့တည်းမဟုတ် ပေါ့လျော့မှု၊ သို့တည်းမဟုတ် ဖျက်ဆီးမှုကြောင့် တရားရုံး၏ သဘောအရ ဥပစာ၏ အခြေအနေဆိုးရွားသွားသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဃ) ဥပစာသည် မြေဖြစ်လျှင်၊ ထိုဥပစာကို အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံများဆောက်လုပ်ရန်၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန် အိမ်ရှင်ကရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ ဥပစာကို အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံများ ဆောက်လုပ်ရန်၊ သို့တည်းမဟုတ် ပြန်လည် ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍ လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှား ပြောင်းရွှေ့သည့် နေ့ရက်ကစ၍ တစ်နှစ် အတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ အိမ်ရှင်က၊ တရားရုံးက သင့်သည် ထင်မြင်သည့်ငွေ အရေအတွက်ဖြင့် ခံဝန်ချုပ်ဆို သည့် ကိစ္စ၊ သို့တည်းမဟုတ်

(င) ဤအက်ဥပဒေနှင့်သက်ဆိုင်သော အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံအစိတ်အပိုင်းကို၊ ပြန်လည်ဆောက်လုပ်ရန်အတွက်ဖြစ်စေ၊ လိုအပ်သော၊ သို့တည်းမဟုတ် အရေးကြီးသော၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ပြောင်းလဲသော မွမ်းမံမှုများပြုလုပ်ရန်အတွက်ဖြစ်စေ၊ အိမ်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလို၍၊ ဆိုခဲ့သည့်ဥပစာကို ထိုမွမ်းမံမှုများ ပြုလုပ်ရန်အတွက်၊ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ ကိုးလထက်မပိုဘဲ၊ တရားရုံးက သတ်မှတ်သော ကာလအပိုင်း အခြားအတွင်း၊ ထိုကိစ္စကို ပြီးအောင်ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာ ဖယ်ရှား ပေးသောအိမ်ငှားက၊ ထိုသို့မွမ်းမံပြီးသည့်အခါ၊ သို့တည်း မဟုတ် ပြန်လည်ဆောက်လုပ်ပြီးသည့်အခါ၊ ထိုဥပစာကို ပြန်ပေးစေလိုလျှင်၊ ပြန်ပေးပါမည်ဟူ၍ လည်းကောင်း၊ တရားရုံးသင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန် ချုပ်ဆိုသည့်ကိစ္စ၊ သို့တည်းမဟုတ်

(စ) ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို၊ ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလို၍၊ ဆိုခဲ့သည့်ဥပစာ၌ မိမိကိုယ်တိုင်နေထိုင်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်ကစ၍ သုံးလအတွင်း၊ ထိုကိစ္စကို ပြီးစီး အောင်ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ တရားရုံးသင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။

သို့ရာတွင် ဤအပိုဒ်ပါကိစ္စအလို့ငှာ "ပိုင်ရှင်" ဆိုသည့်စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ထိုနေ့ရက်

နောက်မှ အမွေဆက်ခံခြင်းဖြင့် ထိုဥပစာပိုင်ရှင်ဖြစ်လာသူမှတစ်ပါး အခြား မည်သူမျှ မပါဝင်စေရ။

ထို့ပြင် အငှားချထားမှု သဘောတူစာချုပ်အရဖြစ်စေ၊ နှစ်ဦးသဘောတူညီချက်ဖြင့်၊ တရားရုံးတော်က ချမှတ်သော ဒီကရီပါစည်းကမ်းချက်များအရဖြစ်စေ၊ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွက် ပြုလုပ်သော အငှားချထားမှုများမှာ၊ အဆိုပါအငှားချထားသည့် ကာလအပိုင်းအခြားမကုန်ဆုံးမီ၊ သို့တည်းမဟုတ် အဆိုပါ ဒီကရီအရ ခွင့်ပြုထားသည့် ကာလအပိုင်းအခြား မကုန်ဆုံးမီ ဤ အပိုဒ်နှင့်မသက်ဆိုင်စေရ။

(၂) ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက်ဖြစ်စေ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) အရ အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ရာ၌ တရားရုံးသည်၊ ထိုဥပစာကို မည်သည့်ကိစ္စအလို့ငှာ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်ကရယူလိုကြောင်း သီးခြားဖော်ပြရမည့်ပြင်၊ ဆိုခဲ့သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီ မိတ္တူကိုလည်းကောင်း၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) ပါ ပြဋ္ဌာန်းချက်များ အရ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က ချုပ်ဆိုသည့်ခံဝန်ချုပ်မိတ္တူကိုလည်းကောင်း၊ ကြီးကြပ်ရေး ဝန်ထံ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကိစ္စမှတစ်ပါး အခြားကိစ္စအတွက် ဥပစာကို အသုံးပြုလျှင်ဖြစ်စေ၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၌ အဆိုပါကိစ္စအတွက် ဥပစာကို အသုံးပြုရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ခံဝန် ချုပ်တွင် ၎င်းအပေါ် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည်၊ ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခံရသည့် အိမ်ငှားများ၏ လျှောက်ထားချက်အရ သော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ ခံဝန်ချုပ်ဖြင့် ချုပ်ဆိုသောငွေကို အစိုးရက သိမ်းယူစေဟု ကြေညာနိုင်သည့်ပြင်၊ တရားရုံးက သင့်တော်သည်ထင်မြင်သည့် လျော်ကြေးငွေကိုလည်း အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က အိမ်ငှားအားပေးရမည်ဟု ဆင့်ဆိုနိုင် သည်။ သို့ရာတွင် တရားရုံးက ကျေနပ်လောက်သည်ဟု သဘောရသည့်အကြောင်းပြချက်များကြောင့် ဆိုခဲ့သည့် ကိစ္စအတွက် ဥပစာကို အသုံးမပြုနိုင်ကြောင်းဖြင့်သော်လည်းကောင်း၊ ခံဝန်ချုပ်တွင် သတ်မှတ် သည့် စည်းကမ်းချက်များကို မလိုက်နာနိုင်ကြောင်းဖြင့်သော်လည်းကောင်း၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ပိုင်ရှင်က သက်သေထင်ရှားပြလျှင်၊ ဆိုခဲ့သည့်အတိုင်း ကြေညာခြင်း၊ သို့တည်းမဟုတ် ဆင့်ဆိုခြင်း မပြုရ။

(၃) ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်အပြင်၊ တရားရုံးသည်၊ ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ချမှတ်ခံရသည့်အိမ်ငှားက သဘောတူလျှင်၊ ထိုအိမ်ငှားအား အမိန့်၊

သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက်များအတိုင်း ထိုဥပစာကို လက်ရှိပေးအပ်ရမည်။

(၄) ဤပုဒ်မအရ အာမခံငွေကို သိမ်းယူရန်၊ သို့တည်းမဟုတ် လျော်ကြေးပေးရန်ချမှတ်သောအအမိန့်ကို၊ တရားမကျင့်ထုံးကိုဥပဒေတွင် ဒီကရီများ အတည်ပြုရန်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အတည်ပြုနိုင်သည်။

၁၃။ ။ (၁) နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ဤပုဒ်မနှင့် သက်ဆိုင်စေရန်၊ ကြေညာနိုင်သည့်ဒေသ၌သော်လည်းကောင်း၊ ဥပစာအမျိုးအစားတစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူမဆို ဥပစာတစ်ခုခု၏ အိမ်ငှားပင်မဟုတ်စေကာမူ၊ နေထိုင်မှုကိစ္စ၊ သို့တည်းမဟုတ် လုပ်ငန်းကိစ္စအတွက် မှီခိုဖြောင့်သောသဘောဖြင့် နေထိုင်သူဖြစ်လျှင်၊ ထိုဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရရှိရန် ကြီးကြပ်ရေးဝန်ထံလျှောက်ထားနိုင်သည်။ ထိုလျှောက်ထားသူက ဆိုခဲ့သည့် ဥပစာအတွက် စံငှားရမ်းခကို ပေးဆောင်လိုကြောင်း စာဖြင့်ဝန်ခံသည့်အခါ၊ ကြီးကြပ်ရေးဝန်သည် ထိုလျှောက်ထားသူအား ဆိုခဲ့သည့်ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ပြုသည့်အမိန့်စာကို ထုတ်ပေးရမည့်ပြင်၊ မိမိအမိန့်မိတ္တူကိုလည်း အိမ်ရှင်ထံသို့ဖြစ်စေ၊ အိမ်ရှင်ကအာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်ထံသို့ဖြစ်စေ၊ ၎င်း၏နေရပ်ကိုသိလျှင် ပေးပို့ရမည်။

(၂) ပုဒ်မ ၁၄ အရ တရားရုံးက ချမှတ်သည့်အမိန့်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ (၁)အရ တစ်ဦးတစ်ယောက်သောသူအား ဥပစာတစ်ခုခုတွင် ဆက်လက်နေထိုင်ခွင့်ပြုသည့်အမိန့်ဟူသမျှမှာ၊ ဆိုခဲ့သည့် ဥပစာတည်ရှိရာ ဒေသနှင့်ဖြစ်စေ၊ ထိုဥပစာပါဝင်သည့် ဥပစာအမျိုးအစားနှင့်ဖြစ်စေ၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်နေသမျှကာလပတ်လုံးအတည်ဖြစ်ရမည့်ပြင်၊ ထို့နောက်လည်း သုံးလပတ်လုံး ဆက်လက်အတည်ဖြစ်ရမည်။

သို့ရာတွင် အမိန့်ချမှတ်သဖြင့် အနိုင်ရသူသည်၊ ဤကာလအပိုင်းအခြားအတွင်း မိမိအလိုအလျောက် ထိုဥပစာမှ ထွက်ခွာသွားလျှင်၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်တင်သွင်းသည့် လျှောက်လွှာအရ၊ ဆိုခဲ့သည့်အမိန့်ကို ဖျက်သိမ်းနိုင်သည့်ပြင်၊ ထိုသို့ဖျက်သိမ်းပြီးနောက် ထိုအမိန့်ကို ထပ်မံအတည်မပြုရ။

၁၄။ ။ (၁) အခြားတရားဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များအရ တစ်ဦးတစ်ယောက်သောသူအား နေထိုင်ရန်ခွင့်ပြုထားသည့် ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက်ဖြစ်စေ၊ ထိုဥပစာမှ ထိုသူအား နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ မည်သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီကိုမျှ အောက်ပါကိစ္စများတွင်မှတစ်ပါး ချမှတ်ခြင်းမပြုရ—

(က) ထိုသူအား ကြီးကြပ်ရေးဝန်ကဆိုခဲ့သည့် ဥပစာတွင်နေထိုင်ခွင့်ပြုပြီးနောက်၊ ကာလအပိုင်းအခြား တစ်ခုခုနှင့်စပ်လျဉ်း၍ ထိုသူထံမှ တရားဥပဒေနှင့်အညီ ရရန်ရှိသော ငှားရမ်းခပေးရန်တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍ ပေးပို့ပြီးသည့်နောက် ထိုတောင်းဆိုသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ၊ ထိုငှားရမ်းခကို အိမ်ရှင်အားလည်းမပေး၊ ပုဒ်မ ၁၆ အရ ကြီးကြပ်ရေးဝန်ထံသို့လည်း မပေးသွင်းဘဲနေသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ခ) ထိုသူက၊ သို့တည်းမဟုတ် ထိုသူနှင့်အတူနေထိုင်သူ တစ်ဦးတစ်ယောက်က၊ အိမ်ခန်းချင်းဆက်စပ်လျက်ရှိသော၊ သို့တည်းမဟုတ် အနီးအနားရှိသော နေထိုင်သူများအား စိတ်ပြိုငြင်စေသည့်၊ သို့တည်းမဟုတ် အနှောင့်အယှက်ဖြစ်စေသည့် အမှုကို ကျူးလွန်သည့်ကိစ္စ၊ သို့တည်းမဟုတ် ဥပစာကို ညစ်ညမ်းယုတ်မာသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှာ အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုနေသည့်အတွက် ပြစ်မှုထင်ရှားစီရင်ခံရသည့်ကိစ္စ၊ သို့တည်းမဟုတ် ဆိုခဲ့သည့်သူ တစ်ဦးတစ်ယောက်၏ ဖြုန်းတီးမှု၊ သို့တည်းမဟုတ် ပေါ့လျော့မှု၊ သို့တည်းမဟုတ် မျက်ကွက်မှုကြောင့်၊ တရားရုံး၏ သဘောအရ ဥပစာအခြေအနေ ဆိုးရွားသွားသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဂ) ဥပစာကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် အိမ်ရှင်က မိမိကိုယ်တိုင်၊ သို့တည်းမဟုတ်မိမိ၏အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး တစ်ယောက် နေထိုင်ရန်အတွက်ဖြစ်စေ၊ ဥပစာ၏ အကျိုးခံစားခွင့် ရှိသူတစ်ဦးတစ်ယောက် နေထိုင်ရန်အတွက်ဖြစ်စေ၊ တရားရုံးက ကျေနပ်လောက်သည်ဟု ယူဆသည့် အခြားကိစ္စတစ်ခုခုအတွက်ဖြစ်စေ၊ ရယူလို၍ ထိုဥပစာကို မိမိကိုယ်တိုင်၊ သို့တည်းမဟုတ် မိမိ၏ အိမ်ထောင်သားစုတွင် ပါဝင်သူ၊ သို့တည်းမဟုတ် အကျိုးခံစားခွင့် ရှိသူ နေထိုင်ပါမည် ဟူ၍သော်လည်းကောင်း၊ တရားရုံးက သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း ထိုကိစ္စကို ပြီးစီးအောင်ဆောင်ရွက်ပါမည်ဟူ၍သော် လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ၊ သို့တည်းမဟုတ်

(ဃ) ယင်းသို့အခွင့်ပြုသည့်အမိန့်ကို၊ ပုဒ်မ ၁၃ (၂) ပါ ခြွင်းချက်အရ ဖျက်သိမ်းပြီးဖြစ်သည့်ကိစ္စ။

(၂) ဥပစာကို ပြန်လည်သိမ်းပိုက်ရန်၊ ပုဒ်မခွဲ (၁) အပိုဒ် (ဂ) အရ အမိန့်၊ သို့တည်းမဟုတ် ဒီကရီ ချမှတ်ရာ၌၊ တရားရုံးသည် ထိုဥပစာကို မည်သည့်ကိစ္စအလို့ငှာ၊ အိမ်ရှင်က ရလိုကြောင်း သီးခြား

ဖော်ပြရမည့်ပြင်၊ ဆိုခဲ့သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီမိတ္တူကိုလည်းကောင်း။ ပုဒ်မခွဲ (၁)၏ အပိုဒ် (ဂ) ပါ ပြဋ္ဌာန်းချက်များအရ အိမ်ရှင်ကချုပ်ဆိုသည့် ခံဝန်ချုပ်မိတ္တူကိုလည်းကောင်း၊ ကြီးကြပ်ရေးဝန် ထံပေးပို့ရမည်။ အိမ်ရှင်သည်၊ အမိန့်တွင်၊ သို့တည်းမဟုတ် ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကိစ္စမှတစ်ပါး၊ အခြားကိစ္စအတွက် ဥပစာကို အသုံးပြုလျှင်ဖြစ်စေ၊ အမိန့်တွင်၊ သို့တည်းမဟုတ်ဒီကရီတွင်၊ သို့တည်းမဟုတ် ခံဝန်ချုပ်တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်း အခြားအတွင်း ထိုကိစ္စအတွက် ဥပစာကို အသုံးပြုရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တရားရုံးသည် ထိုဒီကရီ၊ သို့တည်း မဟုတ် အမိန့်ချမှတ်ခံရသူ၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ ကြီးကြပ်ရေးဝန်၏ လျှောက် ထားချက်အရသော်လည်းကောင်း၊ ခံဝန်ချုပ်တွင်ချုပ်ဆိုထားသည့်ငွေကို အစိုးရက သိမ်းယူစေဟု ကြေညာနိုင်သည့်ပြင်၊ တရားရုံးက သင့်တော်သည်ထင်မြင်သည့် လျော်ကြေးငွေကို၊ အိမ်ရှင်က အိမ်ငှားအား ပေးစေဟုလည်း ဆင့်ဆိုနိုင်သည်။ သို့ရာတွင်တရားရုံးက ကျေနပ်လောက်သည်ဟု သဘောရသည့် အကြောင်းပြချက်များကြောင့်၊ ဆိုခဲ့သည့်အတိုင်း ကြေညာခြင်း၊ သို့တည်းမဟုတ် ဆင့်ဆိုခြင်းမပြုရ။

(၃) ပုဒ်မခွဲ (၂) အရ လျော်ကြေးပေးရန် ချမှတ်သည့် ဆုံးဖြတ်ချက်အစား၊ သို့တည်းမဟုတ် ထိုဆုံးဖြတ်ချက်အပြင်၊ တရားရုံးသည်၊ မိမိသဘောအရလည်းကောင်း၊ ဒီကရီ သို့တည်းမဟုတ် အမိန့် ချမှတ်ခံရသူက သဘောတူညီလျှင်လည်းကောင်း၊ ထိုသူအား အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်သည့် နေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်းချက်များအတိုင်း ထိုဥပစာကို လက်ရှိပေးအပ်နိုင်သည်။

(၄) ဤပုဒ်မအရ အာမခံငွေကို သိမ်းယူရန်၊ သို့တည်းမဟုတ် လျော်ကြေးပေးရန် ချမှတ်သော အမိန့်ကို၊ တရားမကျင့်ထုံးကိုဥပဒေတွင် ဒီကရီများ အတည်ပြုရန်ပြဋ္ဌာန်းထားသည့် နည်းလမ်း အတိုင်း အတည်ပြုနိုင်သည်။

၁၅။ ။ (၁) ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်ဥပစာကို ပြန်လည်သိမ်းပိုက်ရန် အတွက်ဖြစ်စေ၊ ထိုဥပစာမှ အိမ်ငှားကို၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ (၁)ပါ ပြဋ္ဌာန်းချက်များအရ နေထိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်ကို နှင်ထုတ်ရန်အတွက်ဖြစ်စေ၊ အမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်သည့်အချိန် ၌သော်လည်းကောင်း၊ ဤအက်ဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ချမှတ်ထားသော်လည်း၊ အိမ်ရှင်က ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်ပြုရန် လျှောက်ထားသည့်အခါတွင်ဖြစ်စေ၊ အိမ်ငှားက၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ (၁) အရ နေထိုင်ခွင့်ရသူက ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်မပြုရန် လျှောက်ထား သည့်အခါတွင်ဖြစ်စေ၊ ထိုအမိန့်၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည်မပြုရသေးသည့်ကိစ္စ၌သော် လည်းကောင်း၊ တရားရုံးသည်၊ ပုဒ်မ ၁၂ (၁)၊ အပိုဒ် (ဂ) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၄(၁)၊ အပိုဒ် (ခ) နှင့် သက်ဆိုင်သည့် ကိစ္စမှတစ်ပါး၊ ထိုအမိန့်၊ သို့တည်းမဟုတ် ထိုဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်း ထားရမည်၊ သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည်၊ သို့တည်းမဟုတ် လက်ရှိဖြစ်သော ဥပစာ

ပေးအပ်ရန် နေ့ရက်ကို တရားရုံးက သင့်သည်ထင်မြင်သည့် ကာလအပိုင်းအခြား သို့တည်းမဟုတ် ကာလအပိုင်း အခြားများတွင်၊ အိမ်ငှားကဖြစ်စေ၊ အမိန့် သို့တည်းမဟုတ် ဒီကရီချမှတ်ခံရသူကဖြစ်စေ၊ ပေးရန် ကျန်ရှိသေးသော ငှားရမ်းခပေးခြင်းနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် အငှားချထားသည့် ကာလအပိုင်းအခြား ကုန်လွန်ပြီးနောက်၊ ဥပစာလက်ရှိထားသည့်အတွက် အကျိုးခံစားရသော ငွေပေးခြင်းနှင့်စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များအရဖြစ်စေ၊ ရွှေ့ဆိုင်းထားရမည်။ ထို့ပြင် အဆိုပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျှင်၊ တရားရုံးသည်၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို အတည် ဖြစ်ခြင်းမှ ရုပ်စဲစေရမည်၊ သို့တည်းမဟုတ် ဖျက်သိမ်းရမည်။

သို့ရာတွင် ပုဒ်မ ၁၂ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ (င)၊ သို့တည်းမဟုတ် အပိုဒ် (စ) တွင်ဖြစ်စေ၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင်ဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အကြောင်းပြချက်တစ်ခုခု ကြောင့်၊ ဥပစာမှ နှင်ထုတ်ရန်၊ သို့တည်းမဟုတ် ဥပစာကို ပြန်လည်သိမ်းပိုက်ရန် တရားမမှုများ စွဲဆို သည့်ကိစ္စတွင် ချမှတ်ထားပြီးဖြစ်သောအမိန့်ကို၊ သို့တည်းမဟုတ် ဒီကရီကို အတည်ဖြစ်ခြင်းမှရုပ်စဲခြင်း၊ သို့တည်းမဟုတ် ဖျက်သိမ်းခြင်းမပြုရ။

(၂) ဤအက်ဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၁) တွင်သော်လည်းကောင်း၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တွင်သော်လည်းကောင်း၊ ဖော်ပြထားသည့် အမိန့်၊ သို့တည်းမဟုတ် ဒီကရီမျိုးကို ချမှတ်ပြီးနောက် အတည်မပြုရသေးလျှင်၊ ထို့ပြင်ထိုအမိန့်၊ သို့ တည်းမဟုတ် ဒီကရီချမှတ်သည့်အချိန်တွင်၊ ပုဒ်မ ၁၂ သို့တည်းမဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များ အာဏာတည်လျက်ရှိလျှင်၊ သို့တည်းမဟုတ် ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီနှင့် သက်ဆိုင်လျှင်၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ချမှတ်ခဲ့မည်မဟုတ် ဟု တရားရုံးက ထင်မြင်သဘောရရှိလျှင်၊ တရားရုံးသည်၊ အိမ်ငှား၏၊ သို့တည်းမဟုတ် ပုဒ်မ ၁၃(၁) အရ နေထိုင်ခွင့်ရသူ၏ လျှောက်ထားချက်အရ၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဒီကရီကို ဖျက်သိမ်းရမည်၊ သို့တည်းမဟုတ် ဤအက်ဥပဒေ အကျိုးသက်ရောက်စေရန်ကိစ္စအလို့ငှာ၊ မိမိသင့်သည်ထင်မြင် သည့်အတိုင်း ပြောင်းလဲရမည်။ ထို့ပြင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါလျှောက်လွှာကိစ္စအလို့ငှာ၊ ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီ ချမှတ် ထားသည့် တရားမမှု သို့တည်းမဟုတ် အမှုအခင်းနှင့် သက်ဆိုင်သည်ဟု မှတ်ယူရမည်။

၁၆။ ။ (၁) ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၁၂ (၁)၊ အပိုဒ် (က) တွင်ဖြစ်စေ၊ ပုဒ်မ ၁၄(၁)၊ အပိုဒ် (က) တွင်ဖြစ်စေ၊ ရည်ညွှန်းထားသည့် ငှားရမ်းခကိုပေးရန် အိမ်ရှင်က တောင်းဆိုခြင်း မရှိသော်လည်း၊ အိမ်ငှားက၊ ထိုငှားရမ်းခပေးသည်ကို အိမ်ရှင်က လက်မခံလို၍ ငြင်းဆိုသောအခါ၊ အိမ်ငှား သည် ––

(က) ထိုငှားရမ်းခကို ကြိုးကြပ်ရေးဝန်ထံပေးသွင်းနိုင်သည်။ ထို့ပြင်

(ခ) အိမ်ရှင်က၊ ထိုဥပစာနှင့် စပ်လျဉ်း၍ နောက်ထပ်ရရန်ရှိသော ငှားရမ်းခကို မိမိလက်ခံလိုကြောင်း နို့တစ်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အိမ်ငှားအား အကြောင်းမကြားလျှင်၊ ထိုသို့နောက်ထပ်ပေးရန်ရှိသော ငှားရမ်းခကိုလည်း ကြီးကြပ်ရေးဝန်ထံပေးသွင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ငှားရမ်းခပေးသွင်းသည့်အခါ၊ ကြီးကြပ်ရေးဝန်သည် ထိုပေးသွင်းငွေကို ရရှိကြောင်းဖြင့် အိမ်ရှင်အပေါ် နို့တစ်စာ ချအပ်စေရမည်။ ထိုသို့နို့တစ်စာချအပ်ရာ၌၊ နို့တစ်စာကို၊ အိမ်ရှင်လက်သို့ဖြစ်စေ၊ အိမ်ရှင်က အာဏာလွှဲအပ်ထားသည့်ကိုယ်စားလှယ်လက်သို့ဖြစ်စေ၊ ပေးအပ်ရမည်။ အကယ်၍ အိမ်ရှင်ကိုသော်လည်းကောင်း၊ အိမ်ရှင်ကအာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ မတွေ့ရှိလျှင်၊ ထိုနို့တစ်စာကို၊ စာပို့တိုက်မှ မှတ်ပုံတင်၍၊ အိမ်ရှင်၏၊ သို့တည်းမဟုတ် ထိုအိမ်ရှင်က အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်၏ နောက်ဆုံးသိရှိရသော နေရပ်သို့ ပေးပို့ရမည်။ ထိုသို့ပေးသွင်းထားသည့်ငွေကို၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (၂)၊ အပိုဒ် (စ) အရ ပြုသည့် နည်းဥပဒေ များနှင့် မဆန့်ကျင်စေဘဲ၊ အိမ်ရှင်က၊ သို့တည်းမဟုတ် ထိုအိမ်ရှင်အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်က၊ ထိုကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်း၍ ထုတ်ယူနိုင်သည်။

၁၇။ ။(၁) အိမ်ရှင်သည်၊ သို့တည်းမဟုတ် အိမ်ငှားသည်၊ သို့တည်းမဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးသည်၊ ဥပစာ တစ်ခုခုနှင့်စပ်လျဉ်း၍၊ အိမ်ငှားက၊ သို့တည်းမဟုတ် တစ်ဆင့်ခံ အိမ်ငှားက၊ မိမိအားပေးသောငှားရမ်းခ၊ သို့တည်းမဟုတ် ငွေကိုမှန်ကန်စွာ ပြေစာရေးသားပေးရမည်။ ထိုပြေစာကို မိမိက နည်းလမ်းတကျလက်မှတ်ရေးထိုးရမည်၊ သို့တည်းမဟုတ် ထိုကိစ္စအလို့ငှာစီမံထားရှိသည့်စာအုပ်တွင် ထိုငှားရမ်းခ၊ သို့တည်းမဟုတ် ထိုငွေရကြောင်းကို နည်းလမ်းတကျဝန်ခံ လက်မှတ်ရေးထိုးရမည်။

(၂) မည်သူမဆို ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ကျပ်ငါးရာထိ ငွေဒဏ် စီရင်ခြင်းခံရမည်။

၁၈။ ။ဤအက်ဥပဒေနှင့်သက်ဆိုင်သည့် ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်၊ သို့တည်း မဟုတ် ဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက် တရားမမှု၊ သို့တည်းမဟုတ် လျှောက်လွှာတစ်ခုခုတွင် ဖြစ်စေ၊ ထိုတရားမမှု၊ သို့တည်းမဟုတ် လျှောက်လွှာမှ ပေါ်ပေါက်လာသည့် မှုခင်းတစ်ခုခုတွင်ဖြစ်စေ၊ ရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးတစ်ဦးကသော်လည်းကောင်း၊ ရန်ကုန်မြို့ ပြင်ပရှိ ခရိုင်တရားမရုံး တရားသူကြီးတစ်ဦးကသော်လည်းကောင်း၊ ချမှတ်သည့်အမိန့်ကို၊ သို့တည်းမဟုတ် ဒီကရီကို ဥပဒေကြောင်းနှင့် အမှုချင်းရာအရ တရားလွှတ်တော်သို့ အယူခံဝင်နိုင်သည်။

၁၉။ ။ ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက်မှ ရရန်ရှိသော ငှားရမ်းခကို အရတောင်းခံရန် အလို့ငှာ၊ စွဲဆိုသည့် တရားမမှုဆိုင်ရာ အဆိုလွှာကို မည်သည့်တရားမရုံးကမျှ လက်မခံရ။ သို့တည်းမဟုတ် ဆိုခဲ့သည့်ငှားရမ်းခကို အရတောင်းခံရန်အလို့ငှာ၊ ရန်ကုန်မြို့တော်တရားမရုံး အက်ဥပဒေပုဒ်မ ၂၂ အရ၊ ပစ္စည်းသိမ်းဝရမ်းအတွက် လျှောက်လွှာကို မည်သည့်တရားမရုံးကမျှ တင်သွင်းခွင့်မပြုရ။ သို့ရာတွင် ထိုဥပစာ၏ ငှားရမ်းခနှင့်စပ်လျဉ်း၍၊ ကြီးကြပ်ရေးဝန်၏ သက်သေခံလက်မှတ်တစ်စောင်ကို၊ ထိုအဆိုလွှာနှင့်အတူ ဖြစ်စေ၊ ပစ္စည်းသိမ်းဝရမ်းအတွက် လျှောက်လွှာနှင့်အတူဖြစ်စေ ပူးတွဲတင်သွင်းလျှင်၊ ထိုအဆိုလွှာ၊ သို့တည်းမဟုတ် လျှောက်လွှာကို လက်ခံရမည်။

၂၀။ ။ (၁) လူနေထိုင်ရန် ဥပစာမှတစ်ပါး၊ အခြားဥပစာ တစ်ခုခုလစ်လပ်သည့်အခါ၊ သို့တည်းမဟုတ် လစ်လပ်ရန်အကြောင်းရှိသည့်အခါ၊ သို့တည်းမဟုတ် လူနေထိုင်ရန် ဥပစာမှတစ်ပါး၊ အခြားဥပစာသစ်တစ်ခုခုဆောက်လုပ်သည့်အခါ၊ ထိုမြင်အိမ်ရှင်ကလည်း ထိုဥပစာကို အိမ်ငှားအား အငှားချထားရန် ကြံရွယ်သည့်အခါ၊ အဆိုပါဥပစာကို ငှားရမ်းမည့်အိမ်ငှားအား အငှားချထားခွင့်ပြုသောလက်မှတ်ရရှိရန် အိမ်ရှင်က ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်းရမည်။

ထို့နည်းတူစွာ အိမ်ငှားက လူနေထိုင်ရန် ဥပစာမှတစ်ပါး၊ အခြားဥပစာတစ်ခုခုကို၊ သို့တည်းမဟုတ် ထိုဥပစာအစိတ်အပိုင်းတိုတစ်ဆင့်ခံအိမ်ငှားအား၊ တစ်ဆင့်အငှားချထားရန် ကြံရွယ်လျှင်၊ ထိုဥပစာ၊ သို့တည်းမဟုတ် ထိုဥပစာအစိတ်အပိုင်းကို တစ်ဆင့်ခံအိမ်ငှားအား တစ်ဆင့်အငှားချထားခွင့်ပြုသောလက်မှတ်ကို ရရှိရန် အိမ်ငှားက ကြီးကြပ်ရေးဝန်ထံ လျှောက်လွှာတင်သွင်းရမည်။

(၂) ပုဒ်မခွဲ (၁) အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအကြောင်းအရာများပါရှိရမည်။

(က) ဥပစာ၏အကြောင်းအရာ၊ ဥပစာ အခန်းနံပါတ်၊ အထပ်နံပါတ်၊ အိမ်နံပါတ်၊ လမ်းအမည် စသည်များ၊ သို့တည်းမဟုတ် ဥပစာသည် မြေဖြစ်လျှင်၊ မြေကွက်နံပါတ်၊ အကွက်နံပါတ်စသည်များ။

(ခ) ပိုင်ရှင်၏အမည်နှင့်နေရပ်။

(ဂ) ငှားရမ်းမည့်အိမ်ငှား၏၊ သို့တည်းမဟုတ် တစ်ဆင့်ခံအိမ်ငှား၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(ဃ) တောင်းဆိုရန် ကြံရွယ်သည့် လစဉ်ငှားရမ်းခ။

(င) ရနိုင်ခဲ့လျှင်၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလအတွက် လစဉ်ငှားရမ်းခစာရင်း၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ် က၊ ၁၉၃၉-၄၀ ပြည့်နှစ်အတွက် အခွန်စည်းကြပ်ရာတွင် အခြေခံထားသည့်တန်ဖိုး။

(စ) ယခုတောင်းခံဆဲလစဉ်ငှားရမ်းခ။

(ဆ) အဆောက်အအုံအမျိုးအစား (တိုက်၊ ပျဉ်ထောင်၊ သို့တည်းမဟုတ် ထရံ)။

(ဇ) နေရာထိုင်ခင်းအမျိုးအစား(လုပ်ငန်းလုပ်ကိုင်ရန်၊ သို့တည်းမဟုတ် လူနေထိုင်ရန်)။

(ဈ) အဆိုပါ ဥပစာအငှားရနိုင်မည့်၊ သို့တည်းမဟုတ် ပြန်လည်အငှားရနိုင်မည့်နေ့ရက်၊ သို့တည်းမဟုတ် ခန့်မှန်းရက်။

(ည) ဆလာမီ၊ သို့တည်းမဟုတ် ဆလာမီပေးရန်ကတိ၊ သို့တည်းမဟုတ် အခြားအလားတူ အဖိုးစားနားကို မတောင်းဆိုကြောင်း၊ သို့တည်းမဟုတ် မရရှိကြောင်း ဝန်ခံချက်။

(၃) ပုဒ်မခွဲ (၁) အရ တင်သွင်းသည့်လျှောက်လွှာကို ရရှိသည့်အခါ၊ ကြီးကြပ်ရေးဝန်မှာ၊ အကျဉ်းချုပ် စုံစမ်းစစ်ဆေးခြင်းပြုပြီးနောက် ကန့်ကွက်ရန် ခိုင်လုံသောအကြောင်းများမရှိဟု ကျေနပ်လျှင်၊ ခွင့်ပြုချက်လက်မှတ်ချက်ခြင်းထုတ်ပေးရမည်။ တစ်ဆင့်အငှားချထားသည့်ကိစ္စတွင် ကြီးကြပ်ရေးဝန်မှာ၊ ခွင့်ပြုချက်လက်မှတ်ထုတ်ပေးသည့်အချိန်၌ပင်၊ ထိုလက်မှတ် မိတ္တူတစ်စောင်ကို စာပို့တိုက်မှ မှတ်ပုံတင်၍ ပိုင်ရှင်ထံသို့ ပေးပို့ရမည်။

သို့ရာတွင် —

(က) ဥပစာသည် လစ်လပ်ရန်အကြောင်းရှိသည့်ကိစ္စတွင်၊ သို့တည်းမဟုတ် လစ်လပ်ခါစ ဖြစ်သည့်ကိစ္စတွင်၊ ကြီးကြပ်ရေးဝန်က သဘောတူညီလျှင်၊ ငှားရမ်းမည့်အိမ်ငှားသည်၊ သို့တည်းမဟုတ် တဆင့်ခံအိမ်ငှားသည် နေထိုင်သည့်နေ့ရက်ကစ၍ ငှားရမ်းခ ပေးဆောင်ရမည်။ ပုဒ်မခွဲ (၁) အရ လျှောက်လွှာမတင်သွင်းမီ အချိန် အတန်ကြာကပင် ဥပစာလစ်လပ်လျက်ရှိလျှင်၊ ငှားရမ်းမည့်အိမ်ငှားသည်၊ သို့တည်းမဟုတ် တစ်ဆင့်ခံအိမ်ငှားသည်၊ လျှောက်လွှာတင်သွင်းသည့်နေ့ရက်ကစ၍ ငှားရမ်းခ ပေးရမည်။

(ခ) အိမ်ငှားက တစ်သီးတစ်ခြားအခန်းအဖြစ် ခွဲခြားမပေးနိုင်သည့် ထိုဥပစာတစ်စိတ်တစ်ပိုင်းကို တစ်ဆင့်အငှားချထားသည့်ကိစ္စတွင်၊ တစ်ဆင့်ခံအိမ်ငှားက၊ ထိုသို့သော အစိတ်အပိုင်းအတွက် ငှားရမ်းခကို၊ အိမ်ငှားသို့ပေးရမည်။ ထို့ပြင် ထိုအိမ်ငှားမှာ၊ ဥပစာတစ်ခုလုံးအတွက် ငှားရမ်းခကို အိမ်ရှင်သို့ပေးရန် တာဝန်ရှိမြဲရှိစေရမည်။

(ဂ) အိမ်ငှားက တစ်ဆင့်ခံအိမ်ငှားအား ထိုဥပစာ တစ်ခုလုံးကိုဖြစ်စေ၊ တစ်သီးတစ်ခြား အခန်းအဖြစ် ခွဲခြားပေးနိုင်သည့် ထိုဥပစာအစိတ်အပိုင်းကိုဖြစ်စေ၊ တစ်ဆင့်အငှား ချထားသည့်ကိစ္စတွင်၊ တစ်ဆင့်ခံအိမ်ငှားသည်၊ အိမ်ရှင် (တစ်နည်းအားဖြင့်ဆိုသော် မူလအငှားချထားသူ) သို့ ငှားရမ်းခပေးရမည့်ပြင်၊ ထိုဥပစာကို တစ်ဆင့်ခံအိမ်ငှား အား အငှားချထားသည်ဟု မှတ်ယူရမည်။

၂၁။ ။ (၁) အိမ်ရှင်က —

(က) လူနေထိုင်ရန် ဥပစာတစ်ခုခု အငှားချထားခြင်း ရပ်စဲသည့်နို့တစ်စာကို ပေးသည့်အခါ၊ သို့တည်းမဟုတ် ရရှိသည့်အခါ၊ သို့တည်းမဟုတ်

(ခ) မိမိအိမ်ရှင်ဖြစ်သည့် လူနေထိုင်ရန်ဥပစာတစ်ခုခုမှ အိမ်ငှား ထွက်ခွာသွားရန် အကြောင်းရှိသည်ဟူ၍သော်လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားထွက်ခွာသွားပြီးနောက်၊ နေထိုင်သူမရှိဘဲ လစ်လပ်နေသည်၊ သို့တည်းမဟုတ် ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက် မရဘဲ တစ်ဦးတစ်ယောက်သောသူက ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ရက်နေ့နောက်တွင် နေထိုင်လျက်ရှိသည်ဟူ၍သော်လည်းကောင်း၊ အခြားနည်း သတင်းရရှိသည့်အခါ၊ သို့တည်းမဟုတ်

(ဂ) လူနေထိုင်ရန် ဥပစာအသစ် တစ်ခုခု ဆောက်လုပ်သောအခါ၊ သို့တည်းမဟုတ် အဆိုပါဥပစာတစ်ခုခုကို နောက်ထပ်လူနေထိုင်နိုင်ရန် နေရာထိုင်ခင်းရနိုင်အောင် မြှုပြင်ပြောင်းလဲ၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်စေသည့်အခါ ထိုအိမ်ရှင်သည်၊ ထိုသို့ ပြုလုပ်သည့်အကြောင်းကြားစာကို ကြီးကြပ်ရေးဝန်ထံ ပေးပို့ရမည်။ ထို့နည်းတူစွာ လူနေထိုင်ရန် ဥပစာတစ်ခုခုတွင် နေထိုင်လျက်ရှိသော အိမ်ငှားက —

(ဃ) အဆိုပါဥပစာနှင့် စပ်လျဉ်း၍၊ အငှားချထားခြင်း ရပ်စဲသည့်နို့တစ်စာကို ပေးသည့်အခါ၊ သို့တည်းမဟုတ်

(င) အဆိုပါဥပစာတစ်ခုခုမှ ထွက်ခွာသွားသည့်အခါ

ထိုအိမ်ငှားသည်၊ ထိုသို့ ပြုလုပ်သည့် အကြောင်းကြားစာကို၊ ကြီးကြပ်ရေးဝန်ထံပေးပို့ရမည်။

(၂) လိုလောက်သော အကြောင်းမရှိလျှင် ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းသည့်အကြောင်းကြားစာကို —

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ဃ)တွင် အကျုံးဝင်သည့်ကိစ္စ၌၊ နို့တစ်စာပေးသည့်၊ သို့တည်းမဟုတ် ရရှိသည့်နေ့ရက်မှ သုံးရက်အတွင်း ပေးပို့ရမည်၊

(ခ) ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (င)တွင် အကျုံးဝင်သည့်ကိစ္စ၌၊ အိမ်ရှင်က သတင်းရရှိသည့်နေ့ရက်မှ သုံးရက်အတွင်းဖြစ်စေ၊ ဥပစာမှ အိမ်ငှားထွက်ခွာသွားသည့်နေ့ရက်မှ သုံးရက်အတွင်း ဖြစ်စေ၊ ပေးပို့ရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင် အကျုံးဝင်သည့် ကိစ္စ၌၊ ဆောက်လုပ်ခြင်း၊ မြှုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ သို့တည်းမဟုတ် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ ပြီးစီးသည့်နေ့ရက်မှ သုံးရက်အတွင်း ပေးပို့ရမည်။

(၃) ထိုသို့ အကြောင်းကြားစာပေးပို့ရာတွင် အိမ်ရှင်သည်၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က)၊ (ခ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တွင် သီးခြားဖော်ပြထားသည့် အကြောင်းအရာများကို ပေးရမည်။

(၄) ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မခွဲ (၁)အရ လူနေထိုင်ရန် ဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားကြောင်း၊ သို့တည်းမဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ကြောင်း၊ သို့တည်းမဟုတ် အဆိုပါဥပစာတစ်ခုခုမှ အိမ်ငှားထွက်ခွာသွားပြီးနောက်၊ ကြီးကြပ်ရေးဝန်၏ခွင့်ပြုချက်မရဘဲ၊ တစ်ဦးတစ်ယောက်သောသူက ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့နောက်တွင် နေထိုင်ကြောင်းဖြင့် အကြောင်းကြားစာကို ရရှိသောအခါ၊ သို့တည်းမဟုတ် အခြားနည်းဖြင့် သတင်းရရှိသောအခါ [×××××][2] အိမ်ရှင်ထံ ညွှန်ကြားချက်ထုတ်၍၊ ထိုညွှန်ကြားချက်တွင် သီးခြားဖော်ပြထားသူ၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသူများအား၊ ဥပစာများ လစ်လပ်သည့်အခါအငှားချထားရန်၊ သို့တည်းမဟုတ် ဥပစာမှ အိမ်ငှားထွက်ခွာသွားလျှင်၊ ထိုသို့ အိမ်ငှားထွက်ခွာသွားသည့် ဥပစာကို အငှားချထားရန် ဆင့်ဆိုနိုင်သည်။

(၅) ပုဒ်မခွဲ (၄)အရ ညွှန်ကြားချက်ဟူသမျှကို၊ နို့တစ်စာဖြင့် အိမ်ငှားအပေါ် ချအပ်ရမည်။ ထိုသို့ နို့တစ်စာချအပ်ခြင်းခံရသည့်အခါ၊ အိမ်ရှင်သည် ထိုညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၆) ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မခွဲ (၄)တွင် ရည်ညွှန်းသည့်၊ ဥပစာအငှားချထားရန် သင့်လျော်သော အိမ်ငှားကို မရနိုင်လျှင်၊ ထိုသို့မရနိုင်ကြောင်းကို အိမ်ရှင်အား အကြောင်းကြားရမည်။ ထိုအခါ အိမ်ရှင်သည်၊ အဆိုပါ ဥပစာကို မည်သည့်အိမ်ငှားအားမဆို အငှားချထားနိုင်သည်။

သို့ရာတွင် ပုဒ်မခွဲ (၄) နှင့် (၅)၊ သို့တည်းမဟုတ် ဤပုဒ်မခွဲအရ၊ အိမ်ရှင်အားပေးသော ညွှန်ကြားချက်၊ သို့တည်းမဟုတ် အကြောင်းကြားချက်မှာ အိမ်ငှားထွက်ခွာသွားသည့် ဥပစာနှင့် သက်ဆိုင်လျှင်၊ ထိုညွှန်ကြားချက်၊ သို့တည်းမဟုတ် အကြောင်းကြားချက်ကို၊ ပုဒ်မခွဲ (၁)အရ အိမ်ရှင်က ပေးပို့သည့် အကြောင်းကြားစာ ရရှိသောနေ့ရက်မှ တစ်ဆယ်ရက်အတွင်းအိမ်ရှင်ထံပေး ပို့ချအပ်ရမည်။

(၇) မည်သည့်အိမ်ငှား၊ သို့တည်းမဟုတ် နေထိုင်သူမဆို ပုဒ်မခွဲ (၄)အရ ထုတ်သည့်ဆင့်ဆိုချက်တွင် သီးခြားဖော်ပြထားသူ၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသူများအား၊ အငှားချထားရေးအတွက် အဆိုပါလူနေထိုင်ရန်ဥပစာကို၊ အိမ်ရှင်အား လက်ရောက်မပေးအပ်ဘဲ ပျက်ကွက်လျှင် အဆောတလျင် နှင်ထုတ်ခြင်းခံရမည်။

---

၁။ ၁၉၆၁ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁)
၂။ ၁၈၊ ၆၁ အရ ပယ်ဖျက်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်၊ စာမျက်နှာ - ၂၀၇၆။

<u>ရှင်းလင်းချက်</u> ။ ။ ဤပုဒ်မနှင့်ပုဒ်မ ၂၀ ပါကိစ္စအလို့ငှာ၊ "လူနေထိုင်ရန် ဥပစာ" ဆိုသည်မှာ၊ လူနေထိုင်ရန်အတွက် သက်သက်အသုံးပြုသည့် ဥပစာကိုသော်လည်းကောင်း၊ လူနေထိုင်ရန်အတွက် အဓိကအားဖြင့်အသုံးပြု၍၊ စီးပွားရေးလုပ်ငန်း၊ သို့တည်းမဟုတ် ပညာရှင်လုပ်ငန်းအတွက် အကြောင်းသင့်ဆက်စပ်၍ အသုံးပြုသောဥပစာကိုသော်လည်းကောင်း၊ ဆိုလိုသည်။

၂၂။ ။ မည်သူမဆို၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂)၊ သို့တည်းမဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃) သို့တည်းမဟုတ် ပုဒ်မခွဲ (၅)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ သုံးလထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

သို့ရာတွင် ကြီးကြပ်ရေးဝန်သည်၊ ဤပုဒ်မအရဖြစ်သောပြစ်မှုကို တစ်ဦးတစ်ယောက်သောသူ ကျူးလွန်သည့်သတင်းကို ရရှိသည့်အခါ၊ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ပြစ်မှုကျူးလွန်သူကို တရားရုံးတွင် တရားစွဲဆိုစေနိုင်သည်။

၂၃။ ။ (၁) တစ်ဦးတစ်ယောက်သောသူသည်၊ ပုဒ်မ ၂၂ အရဖြစ်သော ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အခါတိုင်း၊ သို့တည်းမဟုတ် ထိုပြစ်မှုကို အားပေးကူညီသည့်ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါတိုင်း၊ သက်ဆိုင်ရာဥပစာတွင် နေထိုင်ရန်၊ ကြီးကြပ်ရေးဝန်က ခွင့်ပြုမထားသော အိမ်ငှားများသည်၊ သို့တည်းမဟုတ် နေထိုင်သူများသည်၊ အဆောတလျင်နှင်ထုတ်ခြင်း ခံရမည်။

(၂) ဤပုဒ်မရှိ ပုဒ်မခွဲ (၁)အရဖြစ်စေ၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၇)အရ ဖြစ်စေ၊ အဆောတလျင်နှင်ထုတ်ခြင်းခံရမည့်အိမ်ငှားများကို၊ သို့တည်းမဟုတ် နေထိုင်သူများကိုနှင်ထုတ်ရန်ကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်သည်၊ ထိုအိမ်ငှားများအပေါ်၊ သို့တည်းမဟုတ် နေထိုင်သူများအပေါ် နို့တစ်စာ ချအပ်၍၊ အဆိုပါ နို့တစ်စာရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း အဆိုပါဥပစာမှ ၎င်းတို့နှင့်၎င်းတို့၏ပစ္စည်းများကို ပြောင်းရွှေ့ရန် ဆင့်ဆိုရမည်။ အကယ်၍ အိမ်ငှား၊ သို့တည်းမဟုတ် နေထိုင်သူတစ်ဦးဦးက အဆိုပါအချိန်အတွင်း၊ အဆိုပါ နို့တစ်စာအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ကြီးကြပ်ရေးဝန်သည်၊ ထိုသို့ ပြောင်းရွှေ့ခြင်းကို အတင်းအကြပ်ပြုလုပ်စေရန် ခရိုင်ရဲဝန်အား ဆင့်ဆိုနိုင်သည်၊ ခရိုင်ရဲဝန်သည်၊ အဆိုပါ ဆင့်ဆိုချက်ကို ရရှိသောအခါ၊ အထက်အဆိုပါသူများနှင့် ၎င်းတို့၏ပစ္စည်းများကို၊ အဆိုပါဥပစာမှပြောင်းရွှေ့စေရမည့်ပြင်၊ ထိုသူတစ်ဦးဦးအားလည်း၊ အဆိုပါ ဥပစာအတွင်း ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တစ်ဖန်ဝင်ရောက်ခြင်း၊ သို့တည်းမဟုတ် ဆက်လက်နေထိုင်ခြင်း မပြုရအောင် အရေးယူဆောင်ရွက်ရမည်။

၂၄။ ။ ပုဒ်မ ၂၀၊ ၂၁ နှင့် ၂၃ ပါ ပြဋ္ဌာန်းချက်များသည်၊ တည်ဆဲဥပဒေတစ်ခုခုတွင် ဆန့်ကျင်ကွဲလွဲချက်မည်သို့ပင်ပါရှိစေကာမူ အတည်ဖြစ်စေရမည်။

၂၅။ ။ (၁) ဤအက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၊ ငှားရမ်းခအတွက် ငွေတစ်ရပ်ရပ်ပေးပြီးဖြစ်သည့်ကိစ္စတွင်၊ ထိုငွေမှာ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် အရမတောင်းခံနိုင်သည့်ငွေဖြစ်လျှင်၊ ထိုငွေကိုပေးသည့်နေ့ရက်နောက်၊ ခြောက်လအတွင်း မည်သည့်အခါမဆို၊ ထိုငွေပေးသည့်အိမ်ငှားမှာ၊ ထိုငွေကိုလက်ခံသည့်အိမ်ရှင်ထံမှ အရတောင်းခံနိုင်ခွင့်ရှိစေရမည့်ပြင်၊ အခြားအရတောင်းခံနည်းတစ်ခုခုကို မထိခိုက်စေဘဲ၊ ထိုအိမ်ငှားက၊ ထိုအိမ်ရှင်အား၊ ခြောက်လအတွင်း မိမိပေးရမည့် ငှားရမ်းခထဲမှ ခုနှိမ်နိုင်သည်။

(၂) ဤပုဒ်မပါ ကိစ္စအလို့ငှာ "အိမ်ရှင်" ဆိုသည့် စကားရပ်တွင် တွဲဖက်အိမ်ထောင်သားစုပိုင် ပစ္စည်းဖြစ်သည့်ကိစ္စ၌ အိမ်ရှင်သေဆုံးခဲ့လျှင်၊ ထိုအိမ်ရှင်အိမ်သားအဖြစ် ပါဝင်သော တွဲဖက်အိမ်ထောင်သားစုလည်း ပါဝင်သည်။

၂၆ ။ ။ (၁) ဤအက်ဥပဒေစတင်အာဏာတည်ပြီးသည့်နောက်၊ အိမ်ငှားက အိမ်ရှင်အား စံငှားရမ်းခသတ်မှတ်ပြီးဖြစ်သည့် ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ငှားရမ်းခအတွက် ကျပ်သုံးရာထက် မပိုသောငွေကို၊ စံငှားရမ်းခထက်ပို၍ ပေးခဲ့ပြီးဖြစ်သည့်ကိစ္စတွင် ထိုငွေကိုပေးသည့်နေ့ရက်နောက်၊ ခြောက်လအတွင်း မည်သည့်အခါမဆို၊ အိမ်ငှားကအိမ်ရှင်ထံမှ ပြန်ရလိုကြောင်း ရာဇဝတ်တရားသူကြီးထံ လျှောက်ထားလျှင်၊ အခြားအရ တောင်းခံနည်းတစ်ခုခုကို မထိခိုက်စေဘဲ၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဒဏ်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံနိုင်ခွင့်ရှိစေရမည့်ပြင်၊ တောင်းခံရရှိသည့် ငှားရမ်းခ လက်ကျန်ငွေကိုလည်း၊ အရ တောင်းခံရာတွင် ကုန်ကျစရိတ်များခုနှိမ်ပြီးနောက်၊ အိမ်ငှားအား ပေးရမည်။

(၂) ပုဒ်မခွဲ (၁) အရ ဆောင်ရွက်သည့်မှုခင်းကိစ္စတွင်၊ ဆိုင်ရာဥပစာအတွက် စံငှားရမ်းခအမှန်ဖြစ်ကြောင်း ကြီးကြပ်ရေးဝန် လက်မှတ်ရေးထိုးသည့်သက်သေခံလက်မှတ်ကိုတင်ပြလျှင်၊ ထိုဥပစာအတွက် စံငှားရမ်းခမှာ၊ သက်သေခံလက်မှတ်တွင် သက်သေခံထားသည့်အတိုင်း မဟုတ်ဟု သက်သေထင်ရှားမပြမီ၊ ထိုသို့ သက်သေခံထားသည့်အတိုင်းဖြစ်သည်ဟု၊ ရာဇဝတ်တရားသူကြီးက ယူဆရမည်။

၂၇။ ။ (၁) ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်၊ သို့တည်းမဟုတ် အိမ်ငှားတစ်ဦးဦး၏ လျှောက်ထားချက်အရ ထိုအိမ်ရှင်က အငှားချထားသည့်၊ သို့တည်းမဟုတ် ထိုအိမ်ငှားက ငှားရမ်းသည့်ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ စံငှားရမ်းခအမှန်ဖြစ်ကြောင်း မိမိလက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်ကို ထုတ်ပေးရမည်။

(၂) အောက်ပါ ကိစ္စတစ်ခုခုတွင်၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်၏ သို့တည်းမဟုတ် အိမ်ငှား၏ လျှောက်ထားချက်အရ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ဆိုင်ရာအကြောင်းခြင်းရာများကိုလည်းကောင်း၊ ထောက်ထား၍မိမိကတရားသည်ထင်မြင်သည့်စံငှားရမ်းခကိုသတ်မှတ် ရမည့်ပြင်၊ မိမိသဘောအတိုင်းလည်း၊ သတ်မှတ်နိုင်သည်။

(က) ဥပစာတစ်ခုခုကို တစ်ခါတစ်ရံ တစ်ခုလုံး၊ တစ်ခါတစ်ရံ အစိတ်စိတ် အပိုင်းပိုင်းအငှား ချထားသည့်ကိစ္စ၊ သို့တည်းမဟုတ် အိမ်ငှားက၊ မိမိအားအငှားချထားသည့် ဥပစာ တစ်စိတ်တစ်ဒေသကို တစ်ဆင့်အငှားချထားသည့်ကိစ္စ၊ သို့တည်းမဟုတ် ဤ အက်ဥပဒေကို အကျိုးသက်ရောက်စေရာတွင် အကြောင်းတစ်ခုခုကြောင့် အခက်အခဲ တစ်ခုခု ဖြစ်ပေါ်လာသည့် ကိစ္စ။

(ခ) အိမ်ထောင်ပရိဘောဂနှင့်တကွ အငှားချထားသည့် ဥပစာနှင့်သော်လည်းကောင်း၊ စားသောက်နေထိုင်ခပါထည့်သွင်း၍ အငှားချထားသည့်ဥပစာနှင့်သော်လည်းကောင်း၊ စပ်လျဉ်း၍ ဤအက်ဥပဒေ အကျိုးသက်ရောက်စေရန် ကိစ္စအလို့ငှာ၊ ငှားရမ်းခအဖြစ် ပေးရမည့်ငွေကို၊ အိမ်ထောင်ပရိဘောဂငှားရမ်းခ၊ သို့တည်းမဟုတ် အစားအသောက် နှင့် ပြုစုခအဖြစ်ဖြင့် ပေးရမည့်ငွေမှ ခွဲခြားရန်လိုအပ်သည့်ကိစ္စ၊

(ဂ) ဥပစာတစ်ခုခုကို၊ ငှားရမ်းခအလွတ်သော်လည်းကောင်း၊ ငှားရမ်းခမည်ရုံမျှနှင့်သော် လည်းကောင်း၊ ငှားရမ်းခအပြင် အဖိုးစားနား တစ်ခုခုနှင့်သော်လည်းကောင်း၊ အငှား ချထားပြီးဖြစ်သည့်၊ သို့တည်းမဟုတ် အငှားချထားသည့်ကိစ္စ၊

(ဃ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင်ပေးသည့် ငှားရမ်းခမှာ၊ သို့တည်းမဟုတ် ထိုနေ့ရက်တွင် ဆိုင်ရာဥပစာကို အငှားချထားခြင်းမရှိလျှင်၊ ထိုနေ့ရက် မတိုင်မီက၊ ထိုဥပစာကိုနောက်ဆုံးအငှားချထားသည့် ငှားရမ်းခမှာ၊ အဆမတန်နည်းလွန်းသည်ဟု ကြီးကြပ်ရေးဝန်က ထင်မြင်သဘောရရှိသည့်ကိစ္စ၊

(င) ဥပစာတစ်ခုခု၏အခြေအနေ ပြောင်းလဲသည့်ကိစ္စ၊ သို့တည်းမဟုတ် အဆောက်အအုံ ဆောက်လုပ်ရန်ပစ္စည်းများ၏ တန်ဘိုးကြီးမြင့်လာခြင်းကြောင့် ပြုပြင်ထားရှိရာတွင် စရိတ်ပိုမိုကုန်ကျသည့်ကိစ္စ၊ သို့တည်းမဟုတ် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နောက်၌ ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ မြူနီစီပါယ်ခွန်၊ ခိုင်ကြေး၊ သို့တည်းမဟုတ် အခြားအခွန်များတိုးတက်လာသည့်ကိစ္စ။

(စ) ဥပစာတစ်ခုခုကို၊ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့နောက်၊ ပထမအကြိမ်အငှား ချထားသည့်ကိစ္စ၊

(ဆ) ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ကစ၍၊ ဥပစာ၏အခြေအနေ ဆိုးရွားသွား ခြင်းကြောင့်သော်လည်းကောင်း၊ အခြားလုံလောက်သောအကြောင်းများကြောင့်သော်

လည်းကောင်း၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့တွင် ဥပစာကိုအငှားချထားသည့်၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်၊ ထိုဥပစာကိုပထမအကြိမ် အငှားချထားသည့် ငှားရမ်းခမှာ များလွန်းသည် သို့တည်းမဟုတ် တရားမျှတခြင်းမရှိဟု ကြီးကြပ်ရေးဝန်က ထင်မြင်သဘောရရှိသည့်ကိစ္စ။

သို့ရာတွင် —

(၁) အပိုဒ် (ယ) အရ၊ ငှားရမ်းခမှာ၊ ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့နှင့် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ စပ်ကြားမည်သည့်အခါတွင်မဆို၊ ဥပစာကို အငှားချထားခဲ့သည့် အများဆုံးငှားရမ်းခ၊ သို့တည်းမဟုတ် ထိုကာလအပိုင်းအခြားအတွင်း ထိုဥပစာကို အငှားချထားသည့် အနည်းဆုံးငှားရမ်းခနှင့် ထိုအနည်းဆုံးငှားရမ်းခ၏ ၂၅ ရာခိုင်နှုန်း နှစ်ခုပေါင်းငှားရမ်းခ၊ ထိုအများဆုံး၊ ငှားရမ်းခနှင့် အနည်းဆုံးငှားရမ်းခ နှစ်ရပ်အနက်များရာငှားရမ်းခထက်မပိုစေရ။

(၂) အပိုဒ် (င) အရ ကြီးကြပ်ရေးဝန်မှာ၊ ငှားရမ်းခကို ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ဥပစာတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ သို့တည်းမဟုတ် ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ကုန်ကျသည့်ငွေနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပစာပြုပြင်ထားရှိရာတွင် ပိုမိုကုန်ကျသည့်အသုံးစရိတ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းထက်ပို၍တိုးမြှင့်ခြင်းမပြုရ။

(၃) အပိုဒ် (ဆ) အရ စံငှားရမ်းခမှာ၊ ကိစ္စတစ်ရပ်ရပ်အတွက် သီးခြားအငှားချထားသည့်ကိုယ်ပိုင်မြေနှင့်စပ်လျဉ်း၍၊ အဆိုပါမြေအနီးအနားတွင် အလားတူကိစ္စများအလို့ငှာ အငှားချထားသည့်အလားတူမြေအမျိုးအစားအတွက် အစိုးရဖြစ်စေ၊ ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြို့နီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် အခြားအလားတူဒေသန္တရအဖွဲ့ တစ်ခုခုကဖြစ်စေ၊ တောင်းဆိုဆဲဖြစ်သည့်ငှားရမ်းခနှုန်းထက်မပိုစေရ။

(၄) အပိုဒ် (စ)၊ သို့တည်းမဟုတ် (ဆ) အရ ကိစ္စတစ်ခုခုအတွက် သီးခြားအငှားချထားသည့် မြေဖြစ်၍၊ မြေရှင်မှာ၊ အစိုးရ၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြို့နီစီပါယ် ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် အခြားအလားတူဒေသန္တရအဖွဲ့ဖြစ်သည့်ကိစ္စတွင်၊ စံငှားရမ်းခမှာ အစိုးရက၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့က၊ သို့တည်းမဟုတ် ရန်ကုန်မြို့နီစီပါယ်ကော်ပိုရေးရှင်းက၊ သို့တည်းမဟုတ် အခြားသက်ဆိုင်ရာဒေသန္တရ အဖွဲ့က၊ ထိုမြေကိုအငှားချထားသည့် ငှားရမ်းခဖြစ်စေရမည်။

၂၈။ ။ (၁) ပုဒ်မ ၂၁ အရ အပ်နှင်းသည့်အာဏာများမှအပ၊ ဤအက်ဥပဒေအရ အပ်နှင်းထားသည့်အာဏာတစ်ရပ်ရပ်ကို မသုံးစွဲမီ ကြီးကြပ်ရေးဝန်သည် အိမ်ရှင်နှင့် အိမ်ငှား သို့တည်းမဟုတ် နေထိုင်သူရှိခဲ့လျှင်၊ ၎င်းတို့အား ထိုအာဏာသုံးစွဲရန် မိမိကြံရွယ်သည်ကို အကြောင်းကြားရမည့်ပြင်၊ အကျိုးသက်ဆိုင်သူ တစ်ဦးတစ်ယောက်ထံမှ ထိုအကြောင်းကြားစာတွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း မိမိရရှိသည့်လျှောက်လွှာကို နည်းလမ်းတကျဆင်ခြင်စဉ်းစားရမည်။

(၂) ဤအက်ဥပဒေအရချမှတ်သည့် ကြီးကြပ်ရေးဝန်၏ အမိန့်အားလုံးကို၊ တဖြင့်ရေးသားချမှတ်ရမည်။

(၃) ကြီးကြပ်ရေးဝန်၏ အမိန့်နှင့်သက်ဆိုင်သူမှာ နိုင်ငံတော်သမ္မတသတ်မှတ်သည့်ငွေကိုပေးဆောင်ကာလ၊ ကြီးကြပ်ရေးဝန်က၊ မိတ္တူအမှန်ဖြစ်ကြောင်း၊ နည်းလမ်းတကျသက်သေခံလက်မှတ်ရေးထိုးသည့်ထိုအမိန့်တမိတ္တူကို ရထိုက်ခွင့်ရှိစေရမည်။ ထိုမိတ္တူကို ကြီးကြပ်ရေးဝန်၏ အမိန့်ဖြစ်ကြောင်း သက်သေထင်ရှားပြရန်၊ မည်သည့်တရားရုံးတွင်မဆို သက်သေခံအဖြစ်လက်ခံနိုင်စေရမည်။

၂၉။ ။ ဤအက်ဥပဒေအရ ကြည့်ရှုစစ်ဆေးရန်၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးရန်ကိစ္စအလို့ငှာ ကြီးကြပ်ရေးဝန်သည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ၊ ကြီးကြပ်ရေးဝန်ကယေဘုယျအားဖြင့်ဖြစ်စေ၊ အထူးအားဖြင့်ဖြစ်စေ၊ တဖြင့်ရေးသား၍၊ နည်းလမ်းတကျ အာဏာအပ်နှင်းထားသောသူ တစ်ဦးတစ်ယောက်သည်၊ မည်သည့်အဆောက်အအုံ၊ သို့တည်းမဟုတ် မြေသို့မဆို၊ လက်ထောက်များပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ၊ အချိန်နာရီများအတွင်းဝင်ရောက်နိုင်သည်။

သို့ရာတွင် လူနေထိုင်ရန်အတွက် အသုံးပြုသော မည်သည့်အဆောက်အအုံအတွင်းသို့မျှ၊ တဖြင့် ၂၄ နာရီကြိုတင်အကြောင်းကြားခြင်းမရှိလျှင် နေထိုင်သူ၏ အခွင့်မရဘဲ၊ ထိုသို့ဝင်ရောက်ခြင်းမပြုရ။

၃၀။ ။ (၁) ဤအက်ဥပဒေအရ စုံစမ်းစစ်ဆေးရန်ကိစ္စများအလို့ငှာ၊ ကြီးကြပ်ရေးဝန်သည် မည်သူ့ကိုမဆို အမိန့်တဖြင့် အောက်ပါအတိုင်းဆင့်ဆိုနိုင်သည်။

(က) ဥပစာတစ်ခုခုကို ၁၉၄၄ ခုနှစ်တွင်ဖြစ်စေ၊ ထိုနှစ်နောက်တွင်ဖြစ်စေ၊ မည်သည့်ငှားရမ်းခဖြင့် မည်သည့်နည်းလမ်းအတိုင်းအငှားချထားသည့်ကိစ္စနှင့်လည်းကောင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် အခြားကိစ္စတစ်ခုခုနှင့်လည်းကောင်း၊ စပ်လျဉ်း၍၊ အကြောင်းအရာများကို၊ အမိန့်တွင်သီးခြားဖော်ပြထားသည့်ပုံစံဖြင့်၊ သီးခြားဖော်ပြထားသည့်အချိန်အတွင်း၊ သီးခြားဖော်ပြထားသည့်နေရာ၌ မိမိအားပေးရန်။

(ခ) စုံစမ်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ငွေစာရင်းများ၊ ငှားရမ်းခပြေစာများ၊ စာအုပ်

များ၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားများကို အမိန့်တွင်သီးခြားဖေါ်ပြထားသည့်အချိန်နှင့်နေရာ၌ မိမိကြည့်ရှုစစ်ဆေးစိမ့်သောငှာတင်ပြရန်၊ သို့တည်းမဟုတ် အမိန့်တွင် သီးခြားဖေါ်ပြထားသူအားပေးအပ်ရန်။

(၂) ကြီးကြပ်ရေးဝန်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ထို့ပြင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ရန် အာဏာများ လိုအပ်သည်နှင့်အမျှ တရားမကျင့်ထုံး ကိုဒုဥပဒေဖြင့် တရားရုံးအတွက် ပြဋ္ဌာန်းထားသည့်နည်းများကိုသုံး၍၊ တတ်နိုင်သမျှထိုသို့ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေများဆင့်ခေါ်နိုင်ခွင့်အာဏာနှင့် သက်သေများလာရောက်ရန်အတင်းအကြပ်ပြုနိုင်ခွင့် အာဏာရှိရမည့်ပြင်၊ စာတမ်းအမှတ်အသားများ တင်ပြရန် အတင်းအကြပ်ပြုနိုင်ခွင့်အာဏာလည်းရှိရမည်။

(၃) မည်သူမဆို၊ ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းသည့်အကြောင်းအရာကိုပေးရန်ဆင့်ဆိုခြင်းခံရလျှင်၊ ရာဇသတ်ကြီးပုဒ်မ ၁၇၆ နှင့် ၁၇၇ အဓိပ္ပာယ်အရ ထိုသို့ဆင့်ဆိုသည့်အတိုင်းပေးရန် တရားဥပဒေအရတာဝန်ရှိသည်ဟုမှတ်ယူရမည်။

၃၁။ ။ ကြီးကြပ်ရေးဝန်သည်၊ ဤအက်ဥပဒေအရ မိမိချမှတ်သည့်၊ သို့တည်းမဟုတ်ချမှတ်သည်ဟု မှတ်ယူသည့်အမိန့်တစ်ရပ်ရပ်ကို ပြန်လည်စဉ်းစားနိုင်သည်။ တရားမကျင့်ထုံး ကိုဒုဥပဒေပထမဇယားရှိအမိန့် ၄၇ ပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါပြန်လည်စဉ်းစားခြင်းနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်စေရမည်။

၃၂။ ။ (၁) ပုဒ်မ ၂၇ အရဥပစာတစ်ခုခုအတွက် စံငှားရမ်းခသတ်မှတ်သည့်ကြီးကြပ်ရေးဝန်၏ ဆုံးဖြတ်ချက်ကိုငြင်းဆိုလျှင်၊ ထိုဥပစာမှာ၊ ရန်ကုန်မြို့တော်အတွင်းတည်ရှိသော်၊ ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်ထံသို့လည်းကောင်း၊ ဥပစာမှာ ဤအက်ဥပဒေအာဏာတည်သည့် မြို့ပြဒေသတစ်ခုခုတွင်တည်ရှိသော်၊ နိုင်ငံတော်သမ္မတ သတ်မှတ်သည့်တရားသူကြီးထံသို့လည်းကောင်း၊ လွှဲအပ်လွှာတင်သွင်းနိုင်စေရမည်။

သို့ရာတွင် ဤပုဒ်မခွဲအရ လွှဲအပ်လွှာတင်သွင်းရာ ရန်ကုန်မြို့တော်တရားမရုံး တရားသူကြီးချုပ်သည်၊ သို့တည်းမဟုတ် ထိုသို့သတ်မှတ်ထားသည့် တရားသူကြီးတစ်ဦးဦးသည်၊ မိမိထံတင်သွင်းသော လွှဲအပ်မှုကို မိမိအရေးယူဆောင်ရွက်ရန်မသင့်ဟုယူဆလျှင်၊ လျှောက်လွှာကို ဥပစာတည်ရာခရိုင်တွင် စီရင်ပိုင်ခွင့်အာဏာသုံးစွဲသည့် အခြားတရားသူကြီးတစ်ဦးဦးထံလွှဲအပ်ပြောင်းပေးနိုင်သည်။ ထိုသို့လျှောက်လွှာလွှဲပြောင်းပေးခြင်းခံရသည့်တရားသူကြီးမှာ ထိုလွှဲအပ်လွှာကိုမိမိလက်ခံနိုင်ဘိသကဲ့သို့ ထိုလျှောက်လွှာကို အရေးယူဆောင်ရွက်နိုင်သည့်အာဏာရှိရမည်။

(၂) ကြီးကြပ်ရေးဝန်၏အမိန့်မိတ္တူကို လွှဲအပ်လွှာနှင့်အတူ ပူးတွဲတင်သွင်းရမည်။

(၃) လွှဲအပ်လွှာတွင် ပြဒါးဆယ်တန်ရုံးခွန်တော်တံဆိပ်ခေါင်းပါရှိရမည်။

(၄) ထိုလွှဲအပ်လွှာကို ကြီးကြပ်ရေးဝန်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်းတင်သွင်းရမည်။ သို့ရာတွင်ကြီးကြပ်ရေးဝန်၏အမိန့်မိတ္တူရယူရာတွင် ကုန်လွန်သည့်ကာလအပိုင်းအခြားကို လွှဲအပ်လွှာတင်သွင်းရမည့်အချိန် တွက်ချက်ရာ၌ မထည့်သွင်းရ။

(၅) ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်ကသော်လည်းကောင်း၊ အထက်အဆိုပါအခြားနှံ့ တရားသူကြီးကသော်လည်းကောင်း ချမှတ်သည့်ဆုံးဖြတ်ချက်သည်အပြီးသတ်အတည်ဖြစ်စေရမည်။

၃၃။ ။ ကြီးကြပ်ရေးဝန်ချမှတ်သောဆုံးဖြတ်ချက်လွှဲအပ်မှုများ စစ်ဆေးစီရင်သည့်အခါ၊ တရားသူကြီးသည် ရန်ကုန်မြို့တော်တရားမရုံးကတရားမမှုများ စစ်ဆေးစီရင်ရန်အတွက်သတ်မှတ်ထားသည့် ကျင့်ထုံးကိုသော်လည်းကောင်း၊ တရားမကြီးမှုများ စစ်ဆေးစီရင်ရန်အတွက်သတ်မှတ်ထားသည့် ကျင့်ထုံးကိုသော်လည်းကောင်း၊ မိမိသဘောအတိုင်းတတ်နိုင်သမျှလိုက်နာနိုင်သည်။

၃၄။ ။ (၁)မည်သူမဆို၊ စံငှားရမ်းခသတ်မှတ်ထားပြီးဖြစ်သော ဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ငှားရမ်းခအတွက် စံငှားရမ်းခထက်ပိုသောငွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ သိလျက်နှင့်လက်ခံလျှင် ရာဇဝတ်တရားသူကြီး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ၊ ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်ငါးရာထိငွေဒဏ်ဖြစ်စေ၊ အဆိုပါဥပစာနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် စံငှားခသတ်မှတ်ပြီးဖြစ်သောအခြားဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍၊ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူသည် စံငှားရမ်းခထက်ပို၍ ငွေတန်ဖိုးရှိသည့်အဖိုးစားနားတစ်ခုခုကိုလက်ခံလျှင်၊ ထိုစံငှားရမ်းခထက်ပိုသောငွေကို လက်ခံသည်ဟုမှတ်ယူရမည်။

၃၅။ ။ (၁) မည်သူမဆို၊ အိမ်ငှားတစ်ဦးဦးအား၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ရေးဝန်ကအမိန့်ချမှတ်ပေးပြီးဖြစ်သောသူ တစ်ဦးတစ်ယောက်အားဥပစာမှ ထွက်ခွာသွားစေလိုသောအကြံဖြင့် အနှောင့်အယှက်ပြုလျှင်၊ သို့တည်းမဟုတ် ထမင်းနှောင့်ယှက်လျှင်၊ ရာဇဝတ်တရားသူကြီး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရကာလ၊ ပထမအကြိမ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်တစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၂) အထက်ပါပုဒ်မခွဲ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အိမ်ရှင်သည်လုံလောက်သောအကြောင်းမရှိဘဲ၊ ဥပစာကို ဤအက်ဥပဒေစတင်အာဏာတည်သည့်အခါက တည်ရှိသည့်အခြေအနေ

အတိုင်းမိုးလေစသမှလုံခြုံအောင်ထားရှိရန်ပျက်ကွက်လျှင်သော်လည်းကောင်း။ သီးခြား၊သဘောတူစာချုပ်တစ်ခုခုအရဖြစ်စေ၊ ထုံးစံအရဖြစ်စေ၊ အိမ်ရှင်ကပြုပြင်ထားရှိရန် တာဝန်ရှိသည့်အဆောက်အအုံ သို့တည်းမဟုတ် တပ်ဆင်ထားသည့်ကိရိယာတန်ဆာ အစိတ်အပိုင်းတစ်ခုခုကို လိုအပ်သည့်အတိုင်းပြုပြင်ထားရှိရန်ပျက်ကွက်လျှင်သော်လည်းကောင်း။ တမင်နှောင့်ယှက်သည်ဟုမှတ်ယူရမည်။

၃၆။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဥပစာမှထွက်ခွာ၍အိမ်ရှင်သို့ ဥပစာပြန်အပ်ရန် တရားဥပဒေနှင့်အညီအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခြင်းခံရသည့်အိမ်ငှားအား အဆိုပါဥပစာတွင်နေထိုင်ရန်၊ သို့တည်းမဟုတ ၄င်းကိုလက်ရှိထားရန်ခွင့်မပြုရ။ ထိုပြင်ထိုအမိန့်၊ သို့တည်းမဟုတ် ဒီကရီချမှတ်ခံရလျက်နှင့် ထိုအိမ်ငှားသည်၊ ထိုဥပစာတွင် ဆက်လက်နေထိုင်လျှင်၊ သို့တည်းမဟုတ် ထိုဥပစာကိုလက်ရှိထားမြဲထားလျှင် ရာဇသတ်ကြီးပုဒ်မ ၄၄၁ နှင့် ၄၄၂ တွင်အဓိပ္ပာယ်ဖော်ပြထားသော ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ကျော်နင်းမှုကိုကျူးလွန်သည်ဟုမှတ်ယူရမည့်ပြင်၊ မိမိတအိမ်ရှင်အားပေးရန်ရှိသည့် ငှားရမ်းခနှစ်ဆထက်မပိုသော ငွေဒဏ်အပြင်၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ထောင်ဒဏ်လည်း စီရင်ခြင်းခံရမည်။

၃၇။ ။ (၁) မည်သူမဆို၊ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) တစ်ဦးတစ်ယောက်သောသူအား၊ ဤပုဒ်မအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုထင်ရှား၍ ဒဏ်ငွေပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အခါ၊ ထိုသူအား ပြစ်မှုထင်ရှားစီရင်သည့်တရားရုံး သည်၊ ထိုဒဏ်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေ ပုဒ်မ ၅၄၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ တစ်ဦးတစ်ယောက်သောသူအား၊ ထိုပြစ်မှုကြောင့်ခံရသည့်ဆုံးရှုံးမှု တစ်ခုခုအတွက် လျော်ကြေးအဖြစ်ပေးစေဟု ညွှန်ကြားနိုင်သည်။

၃၈။ ။ မည်သူမဆို၊ ဥပစာတစ်ခုခုကို ပြန်လည်သိမ်းပိုက်ရန်အတွက် အမိန့်၊ သို့တည်းမဟုတ် ဒီကရီကို ပုဒ်မ ၁၂၊ သို့တည်းမဟုတ် ပုဒ်မ ၁၄ အရ တားမြစ်သည့်ကိစ္စတွင် ကြီးကြပ်ရေးဝန်၏ ကြိုတင်ခွင့်ပြုစာမရရှိဘဲ၊ သို့တည်းမဟုတ် မြူနီစီပါယ်၏ ဆင့်ဆိုချက်အတိုင်း လိုက်နာဆောင်ရွက်လျက် ဥပစာကို အရေးတကြီးပြုပြင်ရန်၊ သို့တည်းမဟုတ် ချက်ခြင်းဖြိုဖျက်ရန်ကိစ္စအတွက်မဟုတ်ဘဲ၊ ဥပစာနှင့် ပူးတွဲပါအကျိုးခံစားခွင့်တစ်ခုခုကို တမင်နှောင့်ယှက်လျှင်သော်လည်းကောင်း။ ထိုဥပစာနှင့်အတူ ထာဝစဉ် အသုံးပြုရန်အတွက် စီမံပြုလုပ်ထားသော မည်သည့်အရာကိုမဆို ဖယ်ရှားဖျက်ဆီး အသုံးမဝင်အောင် ပြုလုပ်လျှင်သော်လည်းကောင်း၊ ထိုဥပစာအငှားချထားရာတွင်ပါဝင်သည့် ရေ မီး စသည့်ပေးသွင်းမှု သို့တည်းမဟုတ် အမှုကိစ္စဆောင်ရွက်ပေးမှုတစ်ခုခုကို ရပ်စဲထားလျှင်သော်လည်းကောင်း၊ မထမအကြိမ်

ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ အဆိုပါ ဥပစာနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ် အခြားဥပစာတစ်ခုခုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ် ကျူးလွန်သည့် ပြစ်မှုဖြစ်သည့်ကိစ္စတွင် ကျပ်နှစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည်။

၃၉။ ။ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စွပ်စွဲသည့်ပြစ်မှုလွန်သည့်နေ့ရက်မှ ကိုးလအတွင်း ကြီးကြပ်ရေးဝန်၏ တင်ကြိုအခွင့်အမိန့်ဖြင့် တင်သွင်းသည့် တိုင်တန်းချက်အရမဟုတ်လျှင် အရေးမယူရ။

သို့ရာတွင် ကြီးကြပ်ရေးဝန်သည်၊ ပုဒ်မ ၁၀၊ သို့တည်းမဟုတ် ပုဒ်မ ၃၄ (၁) အရဖြစ်သော ပြစ်မှုကို၊ တစ်ဦးတစ်ယောက်သောသူ ကျူးလွန်ကြောင်းဖြင့် နိုင်လုံသောသတင်းရရှိကာလ၊ အဆောတလျင်စုံစမ်းစစ်ဆေးမှု ပြုလုပ်ရမည့်ပြင်၊ ယုတ္တိထင်ရှားသော အမှုဖြစ်ကြောင်းတွေ့ရှိလျှင်၊ ပြစ်မှုကျူးလွန်သူအားလည်း တရားရုံးတွင် တရားစွဲဆိုစေရမည်။

၄၀။ ။ အိမ်ငှားအပေါ်တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၁၃(၁) အရ နေထိုင်ခွင့်ပြုထားသူ တစ်ဦးတစ်ယောက်အပေါ်တွင်၊ ဥပစာမှ နှင်ထုတ်ရန်၊ သို့တည်းမဟုတ် ဥပစာကိုသိမ်းပိုက်ရန်စွဲဆိုသည့် တရားမမှု၊ သို့တည်းမဟုတ် အမှုအခင်းနှင့်စပ်လျဉ်း၍၊ ပေးဆောင်ရမည့် ရုံးခွန်တော်ကို၊ နိုင်ငံတော် သမ္မတက သတ်မှတ်နိုင်သည်။ ထို့ပြင် ထိုသို့ရုံးခွန်တော်ကို သတ်မှတ်ထားသည့်ကိစ္စတွင်၊ ထိုတရားမမှု အတွက်၊ သို့တည်းမဟုတ် ထိုအမှုအခင်းအတွက် ရုံးခွန်တော်ကို၊ ရုံးခွန်တော်အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေ ကာမူ၊ ထိုသို့သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

၄၁။ ။ (၁) ဤအက်ဥပဒေအရ အာဏာများကို သုံးစွဲလျက်သဘောရိုးဖြင့်ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက်၊ ကြီးကြပ်ရေးဝန်၊ သို့တည်းမဟုတ် လက်ထောက်ကြီးကြပ်ရေးဝန်အပေါ်တွင်သော်လည်းကောင်း၊ ဤအက်ဥပဒေအရ ချမှတ်သည့် အမိန့်နှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စ တစ်ရပ်ရပ်အတွက်၊ တစ်ဦးတစ်ယောက်သောသူအပေါ်တွင်လည်းကောင်း၊ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်း မပြုရ။

(၂) ဤအက်ဥပဒေအရ ချမှတ်သည့်၊ သို့တည်းမဟုတ် ချမှတ်သည်ဟု မှတ်ယူသည့်အမိန့်နှင့် အညီ၊ သဘောရိုးဖြင့်ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စတစ်ခုခုကြောင့် ဖြစ်ပွားသော၊ သို့တည်းမဟုတ် ဖြစ်ပွားဖွယ်ရာရှိသော ပျက်စီးနစ်နာမှုတစ်ခုခုအတွက်၊ အစိုးရအပေါ်တွင် တရားမမှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

၄၂။ ။ (၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်အဆိုပါ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထို နည်းဥပဒေများတွင်၊ အောက်ပါကိစ္စများကို သတ်မှတ်နိုင်သည်။

(က) မည်သည့်မြို့ပြဒေသ၊ သို့တည်းမဟုတ် ဥပစာအမျိုးအစားအတွက်မဆို၊ အက်ဥပဒေပုဒ်မ ၂(စ)(၂)၊ အပိုဒ်ခွဲ (က-က)၊ (ခ-ခ)၊ (ဂ-ဂ)၊ (ဃ-ဃ) (၂) နှင့် (င-င) တွင် အစီအစဉ်ဖော်ပြထားသည့် စံငှားရမ်းခကို မည်မျှ မည်မျှ တိုးမြှင့်ရမည် ဟု သတ်မှတ်ရန်ကိစ္စ၊

(ခ) ဤအက်ဥပဒေအရ ကြီးကြပ်ရေးဝန်ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုများတွင် လိုက်နာရမည့်နည်းလမ်းကို စည်းမျဉ်းသတ်မှတ်ရန်ကိစ္စ၊

(ဂ) မည်သည့်မြို့ပြဒေသနှင့်မဆို စပ်လျဉ်း၍၊ ဖျက်သိမ်းခြင်းခံရသော စစ်မက်အပြီး မြို့ပြဘက်ဆိုင်ရာ အစိုးရထုတ်ပြန်ကြေညာချက်ပါ စွဲချက်တင်သည့် နေ့ရက်ဖြစ်သည်ဟု ဤအက်ဥပဒေကိစ္စအလို့ငှာ၊ မှတ်ယူရမည့်နေ့ရက်ကို သတ်မှတ်ရန်ကိစ္စ၊

["(ဃ) မည်သည့်မြို့ပြဒေသတွင်မဆို၊ ကြီးကြပ်ရေးဝန်ချမှတ်သော ဆုံးဖြတ်ချက် လွှဲအပ်မှုကို၊ ပုဒ်မ ၃၂ အရ၊ မည်သည့်တရားသူကြီးက လက်ခံနိုင်သည်ဟု သတ်မှတ်ရန်ကိစ္စ။"][၂]

(င) စရိတ်နှင့်အခွန်များကို သတ်မှတ်ရန်ကိစ္စ၊ ထို့ပြင် စရိတ်နှင့်အခများကို တောင်းဆိုရန်၊ သို့တည်းမဟုတ် လွတ်ငြိမ်းခွင့်ပေးရန်ကိစ္စ၊

(စ) ပုဒ်မ ၁၆ အရ ပေးသွင်းသည့်ငှားရမ်းခကို လက်ခံခြင်း၊ သို့တည်းမဟုတ် ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်နည်းလမ်းကို သတ်မှတ်ရန်ကိစ္စ၊

[(ဆ) |xxxxxxxxxx|][၃]

၂ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေ အမှတ် ၂၀၊ ၅-၁၀-၆၀) အရ ဖြည့်စွက်သည်။ မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ - ၁၄၁၂။

၃ ၁၉၆၁ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၆၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉၁၊ ၂-၁၀-၆၁) အရ ပယ်ဖျက်သည်။ မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊ စာမျက်နှာ - ၂၀၇၆။

၄၃။ ။ ဤအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်မျှ အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် မြူနီစီပါယ်အက်ဥပဒေအရသော်လည်းကောင်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်လည်းကောင်း၊ ဖွဲ့စည်းထားသည့် အခြားဒေသန္တရအဖွဲ့တစ်ခုခုက အိမ်ရှင်ဖြစ်သော ဥပစာတစ်ခုခုနှင့်သော်လည်းကောင်း၊ မြေသိမ်းအက်ဥပဒေအရဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ အရေးယူဆောင်ရွက်မှုကြောင့်၊ အစိုးရ၊ သို့တည်းမဟုတ် အစိုးရဌာန၊ သို့တည်းမဟုတ် ရန်ကုန်စည်ပင်သာယာရေးအဖွဲ့၊ သို့တည်းမဟုတ် ရန်ကုန်မြူနီစီပါယ်ကော်ပိုရေးရှင်း၊ သို့တည်းမဟုတ် မြူနီစီပါယ် အက်ဥပဒေအရသော်လည်းကောင်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေအရသော် လည်းကောင်း၊ ဖွဲ့စည်းထားသည့် အခြားဒေသန္တရအဖွဲ့တစ်ခုခုက အပိုင်ရရှိပြီးဖြစ်သည့်၊ သို့တည်းမဟုတ် အပိုင်ရရှိမည့်ဥပဒေနှင့်သော်လည်းကောင်း၊ သက်ဆိုင်ခြင်းမရှိစေရ။

သို့ရာတွင် ဤပုဒ်မဖြင့်ပေးထားသည့် ကင်းလွတ်ခွင့်မှာ အစိုးရထံမှဖြစ်စေ၊ ဤပုဒ်မတွင် သီးခြားဖော်ပြထားသည့် ဒေသန္တရအဖွဲ့တစ်ခုခုထံမှဖြစ်စေ၊ အငှားစာချုပ်အရ၊ သို့တည်းမဟုတ် အခြား ပိုင်ဆိုင်ခွင့်အရ လက်ရှိဖြစ်သူတစ်ဦးတစ်ယောက်က တစ်ဆင့်အငှားချထားသည့်မြေနှင့်၊ သို့တည်းမဟုတ် ထိုမြေအစိတ်အပိုင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၄။ ။ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေမှာ၊ သက်တမ်းကုန် ဆုံး၍ အာဏာတည်ခြင်းမှ ရပ်စဲသွားစေကာမူ —

(က) ဤအက်ဥပဒေ စတင်အာဏာမတည်မီက အဆိုပါအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ချမှတ်သည့်ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် အမိန့်သည်၊ သို့တည်းမဟုတ် ပြုလုပ်ခဲ့သော အရေးယူဆောင်ရွက်ချက်၊ သို့တည်းမဟုတ် မှုခင်းကိစ္စ ဆောင်ရွက်ချက်တစ်ခုခုသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်အတည်ဖြစ်စေရမည့်ပြင်၊ ၎င်းတို့ကို ဤ အက်ဥပဒေပါ အလားတူပြဋ္ဌာန်းချက်များအရ ချမှတ်သည်၊ ဆောင်ရွက်သည်၊ အရေးယူသည်၊ သို့တည်းမဟုတ် ပြုလုပ်သည်ဟူ၍လည်း မှတ်ယူရမည်။

(ခ) ဤအက်ဥပဒေ စတင်အာဏာတည်သည့်အချိန်၌၊ တရားရုံးတွင်ဖြစ်စေ၊ အဆိုပါ အက်ဥပဒေအရ ခန့်ထားသည့်၊ ကြီးကြပ်ရေးဝန်ထံတွင်ဖြစ်စေ၊ မပြီးမပြတ်ဘဲ ကျန်ရှိနေသေးသော တရားမမှုများကိုလည်းကောင်း၊ ရာဇဝတ်မှုမျိုးဖြစ်သော မှုခင်းများမှတစ်ပါး၊ အခြားမှုခင်းများကိုလည်းကောင်း၊ အဆိုပါ အက်ဥပဒေ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပြီးပြတ်အောင်စစ်ဆေးစီရင်ရမည်။ ထို့ပြင် အဆိုပါအက်ဥပဒေအရ ထုတ်ပြန်သော၊ သို့တည်းမဟုတ် ပြုလုပ်သော အမိန့်

ကြော်ငြာစာများ၊ အမိန့်များ၊ နည်းဥပဒေများနှင့်ရာထူးခန့်ထားခြင်းများသည်၊ အဆိုပါအက်ဥပဒေ မည်သည့်အခါကမျှ သက်တမ်းမကုန်ဆုံးဘဲ အာဏာတည်လျက် ရှိဘိသကဲ့သို့ ဆက်လက်အတည်ဖြစ်စေရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်။
(၁၉၆၀ ပြည့်နှစ်၊ မေလ ၄ ရက်။)

အမိန့်အရ
ကြည်စိန်၊
နိုင်ငံတော်သမ္မတ၏ ဒုတိယအတွင်းဝန်။